# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 9 June 2022 ၁၀၇၆၁


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားညီလာခံကျင်းပခဲ့သည့် အဆောက်အဦများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ရေးဆွဲဖော်ဆောင်ခဲ့သည့် သမိုင်းဝင်အဆောက်အဦများဖြစ်

# အဆောက်အဦများ ရေရှည်တည်တံ့စေရေးအတွက် အလေးထားထိန်းသိမ်းဆောင်ရွက်ရန်လို

**နေပြည်တော် ဇွန် ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဘိုဌေး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲရန် အမျိုးသားညီလာခံ ကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ရေးဆွဲရန် အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**

**ရွှေ့ပြောင်းအလုပ်သမားများ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card - OWIC)အား တရားဝင်ကိုင်ဆောင်ရေး အသိပေးကြေညာခြင်း**

စာမျက်နှာ » ၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၁၂

**အမေရိကန်နိုင်ငံ၌ လွန်ခဲ့သည့် သီတင်းလေးပတ်အတွင်း ကလေးငယ်လေးသိန်းကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ**

စာမျက်နှာ » ၁၃

ကြေးမုံ

# ပြည်သူများ၏အနာဂတ် ကာကွယ်စောင့်ရှောက်မြှင့်တင်

နိုင်ငံအနာဂတ် မြင့်မားတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုသည် ပညာဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်လူရွယ်တိုင်းအား ပညာအမွေ ပေးဝေကြသည်။ ပညာသင်ကြားခြင်းသည် သင်ကြားသည့်ပညာရပ်များမှ ရရှိလာသော အသိဉာဏ်ပညာအခြေခံဖြင့် ဘဝရှေ့ခရီးနှင့်ကြုံတွေ့လာရသမျှတို့ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ရန်အတွက်ဖြစ်သည်။ ဘဝတွင် တိုးတက်လာအောင်၊ အောင်မြင်မှုများရရှိအောင်၊ မိမိ မိသားစုနှင့် မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်အောင် ပညာသင်ကြားကြခြင်းဖြစ်သည်။

ပညာကို မလိုလားသောသူသည် လောကတွင် မည်သူမျှမရှိနိုင်။ ပညာကို အကြောင်းအမျိုးမျိုးကြောင့် မသင်ကြားနိုင်ခြင်းသာရှိမည်။ ပညာနှင့်ပတ်သက်၍ ပညာပါရမီဖြည့်ဆည်းကြသူများလည်းရှိသည်။ လောကတွင် အလှူဒါနအမျိုးမျိုးရှိသည့်အနက် ပညာအလှူသည် အမွန်မြတ်ဆုံးသောအလှူဖြစ်သည်။ ပညာသည် လိမ္မာရေးခြားရှိအောင်၊ အသိအမြင်ဗဟုသုတကြွယ်အောင်၊ ဆင်ခြင်တုံတရား မြင့်မားအောင်၊ လုပ်ဆောင်နိုင်စွမ်းအားကောင်းအောင် ပညာကို အစဉ်မပြတ် ဆည်းပူးနေကြခြင်းဖြစ်သည်။ ပညာတတ်သူဖြစ်သော်လည်း ဆင်ခြင်တုံတရားနှင့် အတ္တ၊ မာန၊ အစွန်းတရားများကြီးမားသည့် ပညာရှိမိုက်မဲသူများလည်းရှိသည်။

လောကတွင် အသိဉာဏ်ပညာ၊ လိမ္မာရေးခြားရှိအောင် ပညာသင်ကြားပေးကြသူများရှိပြီး အသိဉာဏ်ပညာ ဆင်ခြင်တုံတရားနည်းပါးပြီး မိုက်မဲသူများဖြစ်အောင် သင်ကြားပေးသူများလည်းရှိသည်။ ပညာမလိုလားသောသူ မည်သည့်အခါမျှ မရှိခဲ့သော်လည်း မျက်မှောက်ကာလတွင် ပညာသင်ကြားရေးကို နှောင့်ယှက်ဖျက်ဆီးသူများ ပေါ်ပေါက်လာသည်ကို တွေ့ရသည်။ မည်သည့်အဖွဲ့အစည်း၊ မည်သည့်နိုင်ငံတွင်မှ ပြုလုပ်ခြင်းမရှိသော ပညာရေးကို နှောင့်ယှက်ဖျက်ဆီးသည့်အလုပ်များ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ဆင်ခြင်တုံတရားနည်းပါးပြီး အတွေးအခေါ် အယူအဆမှားယွင်းသည့် လမ်းမှားရောက်သူများသည် ပညာသင်ကြားရေးကို ဖျက်ဆီးသည့် မိုက်မဲသောလုပ်ရပ်များ လုပ်ကိုင်လာကြသည်။

၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများဖြစ်သည်။ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်း၊ အဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံ နှောင့်ယှက်ဖျက်ဆီးနေကြသည်။

အကြမ်းဖက်သမားများသည် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်မှုများကို နှောင့်ယှက်ဖျက်ဆီးနေကြရာ၌ ပညာသင်ကြားရေးကို ပစ်မှတ်ထားတိုက်ခိုက်လာသည်မှာ လွဲမှားသည့် မိုက်မဲသောလုပ်ဆောင်မှုဖြစ်သည်။ ပညာသင်ကြားပေးခြင်းသည် အစိုးရအတွက်လုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူများ၏ အနာဂတ်အတွက် မြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ပညာသင်ကြားခြင်းသည် ကျောင်းသားမိဘများနှင့် တိုက်ရိုက်သက်ဆိုင်ပေသည်။ ပညာမသင်ကြားနိုင်ပါက ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများသာမက နိုင်ငံတော်အတွက်ပါ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မျိုးဆက်သစ် လူငယ်လူရွယ်အားလုံးအား ပညာတတ်မြောက်စေပြီး အနာဂတ်ကိုဦးဆောင်နိုင်မည့် ခေါင်းဆောင်ကောင်းများ၊ ဦးစီးဦးဆောင်ကောင်းများ ဖြစ်ပေါ်လာစေရန် မည်သူမျှမကျန် ပညာတတ်မြောက်စေရေး အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ ပညာသင်ကြားပိုင်ခွင့်ရှိသည်"၊ "ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် မသင်မနေရ အခြေခံပညာကို သင်ကြားရမည်"ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်က ကလေးငယ်များအားလုံးကို အခမဲ့ပညာရေးစနစ်ဖြင့် ပညာသင်ယူခွင့်ရအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ လိုအပ်သော ပညာရေးဆိုင်ရာ အထောက်အပံ့များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။

သို့ဖြစ်ရာ ပညာသင်ကြားပေးခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက်၊ တိုင်းရင်းသားပြည်သူများ၏ ဘဝအနာဂတ်အတွက်၊ လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အနာဂတ်ဖြစ်သည့် ပညာရေး၊ ပညာသင်ကြားရေးကို နှောင့်ယှက်ဖျက်ဆီးနေကြသော အသိမဲ့အကြမ်းဖက်အဖျက်သမားများအား ဝိုင်းဝန်းပူးပေါင်းလက်တွဲ၍ လုံးဝပပျောက်သွားသည်အထိ အမြစ်ပါမကျန် တိုက်ဖျက်နှိမ်နင်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အမာမြို့၌ ငါးသယံဇာတထိန်းသိမ်းရေး ဆိုင်းဘုတ်စိုက်ထူ၍ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ



အမာ ဇွန် ၈

ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှု၊ အမာမြို့ ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် "ငါးသယံဇာတ ထိန်းသိမ်းရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေး" စာသားပါ မြေစိုက်ဆိုင်းဘုတ် စိုက်ထူခြင်းနှင့် ငါးလုပ်ငန်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမာမြို့ရှိ မြို့ကုန်းကျေးရွာ ဈေးလမ်းဆုံ၌ ကျင်းပသည်။

ငါးသယံဇာတ ပြုန်းတီးမှုမဖြစ်ပေါ်စေရန် ပြည်သူများလိုက်နာရမည့် ရေချိုရေငန် ငါးလုပ်ငန်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် စသည့် အချက်များပါဝင်သော မြေစိုက်ပိုစတာအား အမာမြို့ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ အင်းလုပ်ငန်းရှင်များ၊ မြို့ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ငါး၊ ပုစွန်၊ ကဏန်းလုပ်ငန်းရှင်များနှင့် ရေလုပ်သားများ ပါဝင်စိုက်ထူခဲ့ကြပြီး ငါးလုပ်ငန်းပညာပေး လက်ကမ်းစာစောင်များအား ခရီးသွားပြည်သူများသို့ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

၂၀၇

## ရွှေဘိုမြို့နယ်၌ မိုးစပါးမျိုးသန့်မျိုးစေ့ ထုတ်လုပ်နည်းပညာပေးသင်တန်း ဖွင့်လှစ်



ရွှေဘို ဇွန် ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရှင်ယွန်းစံခန်းမတွင် ရွာသာကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍမှ မိုးစပါးမျိုးသန့်မျိုးစေ့ စိုက်ပျိုးထုတ်လုပ် နည်းပညာပေးသင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေကြွယ်ဝင်းက မျိုးစပါးမျိုးသန့်မျိုးစေ့ ထုတ်လုပ်နည်းပညာများအကြောင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက စပါးသီးနှံ ဘက်စုံသီးနှံ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာများ အကြောင်းကို သင်တန်းပို့ချသည်။

သင်တန်းသို့ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ရွာသာကျေးရွာမှ တောင်သူ ၂၅ ဦးနှင့် ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင် ၁၂ ဦးတို့ တက်ရောက်ကြသည်။

**အေးမြသက်ထား**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၆၀၀ | ၁၄ | ၁၀၅,၁၀၀ |
| MTSH | ၂,၇၀၀ | ၂,၇၀၀ | ၉၇၃ | ၂,၆၀၉,၆၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁၀ | ၁၈၀,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၅၉၃ | ၁,၅၁၂,၁၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၆၀ | ၂၉၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၈၀.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၆.၅၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၆၀၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၀၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၀၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၃၀.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၄.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၃.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်၍ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို အပြည့်အဝထုတ်လုပ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အပိုင်းလိုက်ခွဲခြားဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

☆ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမကြီးသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက အမျိုးသားညီလာခံကျင်းပခဲ့သည့် အဆောက်အဦ၏ သမိုင်းကြောင်း၊ အဆောက်အဦများ ပျက်စီးယိုယွင်းနေမှုများနှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

### သမိုင်းဝင်အဆောက်အဦများဖြစ်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားညီလာခံကျင်းပခဲ့သည့်အဆောက်အဦများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ရေးဆွဲဖော်ဆောင်ခဲ့သည့် သမိုင်းဝင်အဆောက်အဦများဖြစ်ကြောင်း၊ ယခင်ခေတ်အဆက်ဆက်က သမိုင်းဝင် အဆောက်အဦများကို တတ်နိုင်သမျှ ထိန်းသိမ်းထားခဲ့ကြောင်း၊ ယခုထိန်းသိမ်းမှုများ အားနည်းခဲ့သည့်အတွက် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆောက်အဦများ ရေရှည်တည်တံ့စေရေးအတွက် အလေးထား ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ရှိပြီးသား အဆောက်အဦများကို ပြန်လည်ပြုပြင်ထားရှိရန်လိုကြောင်း၊ အဝင်အထွက်လမ်းများ စနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုခန်းမကြီးနှင့် အနော်ရထာရိပ်သာတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

### ခုနစ်ကြိမ် ကျင်းပခဲ့

အဆိုပါ အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမအဆောက်အဦတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ အထိ အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၇၀၂ ဦးဖြင့် အမျိုးသားညီလာခံ ခုနစ်ကြိမ် ကျင်းပခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် အဆိုပါ ညီလာခံခန်းမကြီးကို အသုံးပြုခြင်းမရှိတော့ကြောင်း၊ အမျိုးသားညီလာခံကျင်းပပြုလုပ်ရာ မြေနေရာသည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် စိမ်းလန်းသမဝါယမအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ခါတုကင်းလွတ်ဟင်းသီးဟင်းရွက် စိုက်ခင်းကို ကြည့်ရှုစဉ်။

ဧရိယာအားဖြင့် ၅၈၅ ဒသမ ၈၁ ဧကကျယ်ဝန်းပြီး ဧက ၂၀၀ ကို စိုက်ပျိုးရေးဇုန်အဖြစ်လည်းကောင်း၊ ဧက ၁၀၀ ခန့်ကို မွေးမြူရေးဇုန်အဖြစ်လည်းကောင်း အသုံးပြုထားကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ အားနည်းခဲ့သဖြင့် ယခုကဲ့သို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ယခုအခါ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့က စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အပိုင်းလိုက် ခွဲခြားဆောင်ရွက်ထားရှိမှု၊ လမ်းများ ဇုန်အလိုက်ဖောက်လုပ်နေမှု၊ ဇုန်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ အသီးအနှံများ၊ အသား၊ နွားနို့နှင့် ဥများထုတ်လုပ်၍ ရောင်းချပေးနိုင်မှု၊ ဒေသခံပြည်သူများအလုပ်အကိုင်ရရှိရေး ဖော်ဆောင်ပေးနိုင်မှု အခြေအနေများနှင့် စိုက်ပျိုးမွေးမြူရေးဇုန်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အောင်မြင်အောင်စိုက်ပျိုးရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်မြို့ မိုင်၃၀ ပတ်ဝန်းကျင်စိမ်းလန်းသာယာရေး၊ ရန်ကုန်မြို့တော်နေ ပြည်သူများ စားသောက်မှုအဆင်ပြေစေရေးအတွက် ယခင်တပ်မတော်အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်စဉ်ကတည်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဇုန်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်အနေဖြင့် သီးနှံပင်များကိုစိုက်ပျိုးလျက်ရှိပြီး စားရေးအတွက် အထောက်အကူပြုသည့် နှစ်ရှည်ပင်များဖြစ်သည့် သရက်၊ ပိန္နဲ၊ မာလကာ၊ ရှောက် စသည့် အပင်များစိုက်ပျိုးရန်လိုသကဲ့သို့ ဟင်းသီးဟင်းရွက်သီးနှံပင်များကိုလည်း အောင်မြင်အောင် စိုက်ပျိုးရန်လိုကြောင်း၊ စိုက်ဧကများအားလုံး ပြည့်ဝစွာစိုက်ပျိုး၍ မြေကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ စိုက်နည်းစနစ်များ မှန်ကန်ရန်နှင့် ရေများကိုလည်း အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ အထွက်နှုန်းများ

စာမျက်နှာ ၅ သို့ ☆






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# စစ်ဘက်ခေါင်းဆောင်များပီသစွာဖြင့် ရဲရင့်ပြတ်သားသည့်စိတ်ဓာတ်၊ ခေါင်းဆောင်ကောင်းပီသသည့် စိတ်ဓာတ်တို့ဖြင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရန်လို

**နေပြည်တော် ဇွန် ၈**

တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသူများအားလုံးသည် မိမိဆန္ဒအလျောက် တိုင်းချစ်၊ ပြည်ချစ်စိတ်ဖြင့် တာဝန်ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ မိမိတို့၏ဆန္ဒအလျောက် တပ်မတော်အတွင်း ဝင်ရောက်လာကြသူများဖြစ်သဖြင့် မိမိကိုယ်ကို ဂုဏ်ယူပြီးတန်ဖိုးထားကြရန်လိုကြောင်း၊ **စစ်ဘက်ခေါင်းဆောင်များဖြစ်သဖြင့် ရဲရင့်ပြတ်သားသည့်စိတ်ရှိရန်နှင့် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ နေထိုင်ကျင့်ကြံရန်နှင့် ကွပ်ကဲအုပ်ချုပ်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် မိမိကိုယ်ကိုမိမိ တိုးတက်အောင် အမြဲလေ့လာ လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်း သင်တန်းသူများ၊ အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ အရာရှိကြီးများအား သက်ဆိုင်ရာခန်းမများ၌ သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားစဉ်ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိများ၊ သင်တန်းသူအမျိုးသမီးအရာရှိများနှင့် ဗိုလ်လောင်းများ၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

### အမျိုးသမီးစစ်မှုထမ်းများ မွေးထုတ်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့ အသီးသီးတွင် တာဝန်ပေးအပ်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်၌အမျိုးသမီးစစ်မှုထမ်းများ ခန့်အပ်တာဝန်ပေးအပ်ထမ်းဆောင်လျက်ရှိသည်မှာ ၁၉၅၈ ခုနှစ်ကတည်းကပင် ရှိခဲ့ကြောင်း၊ သို့သော်အကြောင်းအမျိုးမျိုးကြောင့် ကြားကာလအချိန်များတွင် ဆေးဝန်ထမ်းတပ်ဖွဲ့များမှအပ အခြားအမျိုးသမီးစစ်မှုထမ်းများကို တာဝန်ပေးအပ်နိုင်မှု မရှိခဲ့ကြောင်း၊ မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ချိန်၌ တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီး၌ အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိပြီဖြစ်ကြောင်း၊ ထို့ပြင် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများကိုလည်း မွေးထုတ်တာဝန်ပေးအပ်ခဲ့ပြီး တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများကို ဆက်လက်မွေးထုတ်ပေးလျက်ရှိကြောင်း။

- **မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ချိန်၌ တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီး၌ အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိ**
- **လူ့စွမ်းအား အရင်းအမြစ်နှင့်ပတ်သက်၍ အမျိုးသမီးများ၏ အခန်းကဏ္ဍကို လေးလေးနက်နက်ဖြင့် စဉ်းစားဆောင်ရွက်ကြရမည်**
- **အမျိုးသမီးအရာရှိများကို ရွေးချယ်ဆောင်ရွက်ရာတွင် အဆင့်ဆင့်အကဲဖြတ်စစ်ဆေးဆောင်ရွက်ပြီး ခေါင်းဆောင်မှု အရည်အချင်းအပေါ်အခြေခံ၍ ရွေးချယ်**
- **ခေါင်းဆောင်မှုပညာရပ်များနှင့်ပတ်သက်၍ လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆောင်ရွက်နေရန်လို**

### အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် အမျိုးသမီး လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ဆောင်ရွက်ရမည်

မကြာသေးမီကကောက်ခံခဲ့သည့် သန်းခေါင်စာရင်းတွင် မြန်မာနိုင်ငံ၏ လူဦးရေ ၅၃ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပြီး အများစုမှာမှီခိုသူများဖြစ်ပြီး လုပ်အားများ အပြည့်အဝအသုံးမချနိုင်သည်ကို တွေ့ရှိရကြောင်း၊ ပညာရေး၊ ရုံး/ဌာန၊ အထည်ချုပ်လုပ်ငန်းပါသည့် SME များတွင် အများစုလုပ်ကိုင်ကြသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ အမျိုးသမီးများ၏ အခန်းကဏ္ဍကို လေးလေးနက်နက်ဖြင့် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ဧရိယာသည် စတုရန်းမိုင်ပေါင်း ၂၆၀၀၀၀ ကျော်၊ လူဦးရေ ၅၅ သန်းကျော်ရှိကြောင်း၊ စိုက်ပျိုးမြေများ များစွာရှိပြီး မျှတသည့်ရာသီဥတုရှိကြောင်း၊ ဒေသအလိုက် ထိုက်သင့်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ ရကြောင်း၊ သဘာဝမှပေးထားသည့် အရင်းအမြစ်များကို အသုံးချဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံတိုးတက်လာမည်ဖြစ်ပြီး ၎င်းတို့ကို အသုံးချနိုင်ရန်အတွက် လူသားအရင်းအမြစ်များလည်း လိုအပ်သဖြင့် အမျိုးသမီးများသည်လည်း ပါဝင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမျိုးသမီးစစ်မှုထမ်းများသည် အမျိုးသားများပင် တာဝန်ထမ်းဆောင်ရန် ခက်ခဲသည့် တပ်မတော်၌ မိမိဆန္ဒအလျောက် တိုင်းချစ်၊ ပြည်ချစ်စိတ်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသဖြင့် မိမိကိုယ်ကိုဂုဏ်ယူပြီး တန်ဖိုးထားကြရန်လိုကြောင်း၊ တပ်မတော်တွင် သင်တန်းစတင် တက်ရောက်သည့်အချိန်မှစ၍ တပ်မတော်သားဘဝကိုခံယူရမည်ဖြစ်ပြီး တိုင်းပြည်ကောင်းကျိုးအတွက် ဆောင်ရွက်မည်ဟူသည့် ရိုးရင်းစွဲအခံစိတ်များဖြင့် မိမိရွေးချယ်သည့် လမ်းကြောင်းပေါ်တွင် စိတ်ကိုပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### ခေါင်းဆောင်မှုပညာရပ်များကို အသုံးချ၍ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

ယခု သင်တန်းတက်ရောက်ကြသူများသည် အသက် ၁၈ နှစ်အထက် ရှိပြီးသူများဖြစ်သဖြင့် မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်သည့် အရွယ်များဖြစ်ကြကြောင်း၊ သင်တန်းပြီးဆုံးပြီး တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်သားစိတ်ဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ အရာရှိများအနေဖြင့်စစ်ဘက်ခေါင်းဆောင်များဖြစ်သဖြင့် ရဲရင့်ပြတ်သားသည့်စိတ်ရှိရန်လိုကြောင်း၊ ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ လက်အောက်ငယ်သားများကို ညီညွတ်မျှတစွာဖြင့် အုပ်ချုပ်ရန်လိုကြောင်း၊ အမျိုးသမီးအရာရှိများကို ရွေးချယ်ဆောင်ရွက်ရာတွင် အဆင့်ဆင့်အကဲဖြတ်စစ်ဆေးဆောင်ရွက်ပြီး ခေါင်းဆောင်မှု အရည်အချင်းအပေါ် အခြေခံ၍ရွေးချယ်ခြင်းပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှု ပညာရပ်များနှင့်ပတ်သက်၍လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆောင်ရွက်နေရန်လိုကြောင်း။

မိမိတို့တာဝန်ထမ်းဆောင်သည့် လုပ်ငန်းရပ်များအပေါ် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ စည်းကမ်းရှိရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ရန်လည်း အမြဲမပြတ်ဂရုတစိုက်ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ တက္ကသိုလ်ပြီးမြောက်ပြီးသူများဖြစ်သဖြင့် ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံများရှိပြီး အရည်အချင်း ရှိပြီးသူများဖြစ်၍ မိမိတို့တတ်ကျွမ်းပြီးသား ဘာသာရပ်ကိုအသုံးချပြီး ရည်မှန်းချက်အတိုင်း မိမိတို့ဘဝ တိုးတက်အောင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တပ်မတော်၌ တာဝန်ထမ်းဆောင်ရာတွင် ပခုံးပြောင်း တာဝန်ထမ်းဆောင်ရခြင်းဖြစ်၍ နောင်အနာဂတ်မျိုးဆက်သစ် အမျိုးသမီးစစ်မှုထမ်းများကိုလည်း ကောင်းမွန်သည့် တပ်မတော်၏ အစဉ်အလာများကို လက်ဆင့်ကမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

စာမျက်နှာ ၅ သို့ ○

○ စာမျက်နှာ ၄ မှ

ယူနီဖောင်းဝတ်ထားသူသည် မိမိယူနီဖောင်းဝတ်ထားသည့်အဖွဲ့အစည်း၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်လိုကြောင်း၊ ယူနီဖောင်းကို စနစ်တကျ ဝတ်ဆင်ခြင်းသည် စည်းကမ်းစနစ်တကျ ဆောင်ရွက်ခြင်းကို ထိန်းသိမ်းခြင်းပင်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ချိန်၌ ရာထူးအရ၊ အသက်အရွယ်အရ၊ သင်တန်းအဆင့်သတ်မှတ်ချက်များအရ တာဝန်ထမ်းဆောင်ခြင်းများ ကွာခြားလာမည်ဖြစ်သဖြင့် မိမိတို့ရည်မှန်းချက်များ ပြည့်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

## စိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်း၍ ဘဝတစ်လျှောက်လုံး မိမိကိုယ်မိမိ အမြဲတိုးတက်မှုရှိအောင် တည်ဆောက်ကြရမည်

စစ်ပညာသင်ကြားခြင်းသည် မိမိတို့အသက်ကို ကာကွယ်ရန်အတွက် ဦးစားပေးသင်ကြားပေးခြင်းဖြစ်သဖြင့် အလေးထားလိုက်နာသင်ယူကြရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ၏ စိတ်ဓာတ်ကြံ့ခိုင်မှုများကို တွေ့ရှိရပြီး ၎င်းစိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်(ကြည်း)၌သာမက တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့တွင်လည်း အမျိုးသမီးစစ်မှုထမ်းများအနေဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ တာဝန်ထမ်းဆောင်နိုင်သည်ကို တွေ့ရှိရကြောင်း။

သင်တန်းတွင် သင်ကြားပေးလိုက်သည့် စစ်ပညာများကို ကျွမ်းကျင်အောင် လေ့လာကြစေလိုကြောင်း၊ အဆင့်ဆင့်သော တန်းမြှင့်သင်တန်းများတွင်လည်း အဆင့်နှင့်လျော်ညီစွာတာဝန်ထမ်းဆောင်နိုင်သူများဖြစ်အောင် သင်ယူကြရန်လိုကြောင်း၊ မိမိတို့ တာဝန်ကျရာနေရာအသီးသီး၌ တာဝန်ထမ်းဆောင်ရာတွင်လည်း စနစ်တကျဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့ဘဝ တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့်စာပေများကို ဖတ်ရှုလေ့လာမှတ်သားပြီး မိမိကိုယ်မိမိ အမြဲတိုးတက်နေအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်လို

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး ခေတ်အဆက်ဆက် နိုင်ငံ၏ လိုအပ်ချက်များအရ တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်များ ရှိကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် တာဝန်ရှိသူများက ဥပဒေအရတာဝန်ယူရှင်းလင်းခြင်း မပြုသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်၍ ဆွေးနွေးလျက်ရှိပြီး ကျန်ရှိသည့်အဖွဲ့များနှင့်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရှိရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲမကျင်းပနိုင်ပါက ၎င်းနယ်မြေများရှိ ပြည်သူများ၏အခွင့်အရေးများ ဆုံးရှုံးမှုရှိလာနိုင်ကြောင်း၊ထို့ကြောင့် အထွေထွေရွေးကောက်ပွဲ(General Election) ဆိုသည့်စကားနှင့်အညီ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးကျင်းပနိုင်ရန်လိုကြောင်း၊ သို့မှသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် အတွက် တပ်မတော်သားများအနေဖြင့် မိမိတို့ ကျရာတာဝန်များကို စစ်သားစိတ်မွေး၍ ကျေပွန်စွာ ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် တာဝန်ရှိသူများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၃ မှ

ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့်မွေးမြူရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် တိရစ္ဆာန်များကို သတ်မှတ်ထားသည့်အစာများကို စနစ်တကျကျွေးမွေးရန်နှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများသည် အပြန်အလှန် မှီခိုလျက်ရှိကြောင်း၊ ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးစနစ်ကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးပညာရပ်များ တတ်ကျွမ်းစေရေးအတွက် သက်ဆိုင်ရာ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ စနစ်တကျ သင်ကြားပေးရန်လိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့် မြေများကို ပြည့်ဝစွာစိုက်ပျိုးမွေးမြူရန်နှင့် စိုက်ပျိုးမွေးမြူရေးနှင့် မသက်ဆိုင်သည့် မြေအသုံးချမှုများမရှိစေရေး တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြို့တော်ရှိ ပြည်သူများ စားသောက်ရန်အတွက် အသားနှင့် ငါးများ နေ့စဉ်လိုအပ်ချက်ရှိကြောင်း၊ ငါးမွေးမြူရေးနှင့်ပတ်သက်၍ ချောင်းများ၊ မြောင်းများ၊ ပင်လယ်များမှရရှိသည့် ငါးသယံဇာတများကို ဖမ်းယူစားသုံးမှုများပြားလာခြင်းကြောင့် သဘာဝမှရရှိသည့် ငါးသယံဇာတများ နည်းပါးလာကြောင်း၊ ထို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်ထွန်းအောင် မွေးမြူခြင်းဖြင့် ရန်ကုန်မြို့တော်အတွက်လိုအပ်သည့်ငါးများ ပြည့်ဝစွာရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးသည် လူများစားသုံးသည့်အသားများထဲတွင် ဈေးနှုန်းအသက်သာဆုံးဖြစ်သည့်အတွက် ရေရှည်တွင် ငါးသယံဇာတပစ္စည်းများ ပြည့်ဝစွာထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို အပြည့်အဝ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ပြည်သူများနွားနို့ကို ပြည့်ဝစွာသောက်သုံးနိုင်ရေးနှင့် ပြည်တွင်းနို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နို့စားနွားမွေးမြူခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိမ်းလန်းသမဝါယမအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် CJ Feed Myanmar ကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် တိရစ္ဆာန်များကို သတ်မှတ်ထားသည့်အစာများကို စနစ်တကျကျွေးမွေးရန်နှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့်စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန်လို

❖ ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျမှန်မှန်ကန်ကန် ဖြစ်ထွန်းအောင် မွေးမြူခြင်းဖြင့် ရန်ကုန်မြို့တော်အတွက်လိုအပ်သည့်ငါးများ ပြည့်ဝစွာရရှိရေး ဆောင်ရွက်ရမည်

❖ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို အပြည့်အဝ ထုတ်လုပ်နိုင်ရန်လို

### ဆွေးနွေးပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် သိရှိလိုသည်များမေးမြန်း၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိမ်းလန်းသမဝါယမအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် CJ Feed Myanmar ကြက်မွေးမြူရေးလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ လုပ်ငန်းအလိုက်တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ကော်ဖီကို အရည်အသွေးမြင့် အဓိကပို့ကုန် ဖြစ်လာအောင် ဆောင်ရွက်ရာတွင် ဧရိယာတိုးချဲ့စိုက်ပျိုးရန်နှင့် အရည်အသွေး ပိုမိုကောင်းမွန်လာရေး ကြိုးပမ်းကြရမည်

**နေပြည်တော်　ဇွန်　၈**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်ဖီနှင့် လက်ဖက်သီးနှံ စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်နေသည့် တောင်သူအစုအဖွဲ့များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို အားပေးကူညီ ဖြည့်ဆည်းပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကော်ဖီနှင့်လက်ဖက်သီးနှံ အစုအဖွဲ့များ တက်ရောက်ကြသည်။

**အရည်အသွေးမြင့် အဓိကပို့ကုန်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာ့ကော်ဖီကို ရည်မှန်းထားသည့်အတိုင်း မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် အဓိကပို့ကုန်ဖြစ်လာအောင် ဆောင်ရွက်ရာတွင် ဧရိယာတိုးချဲ့စိုက်ပျိုးရန်နှင့် အရည်အသွေး ပိုမိုကောင်းမွန်လာရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ကော်ဖီဗဟိုအဖွဲ့အောက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေးနှင့် လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသည့် ဒေသများရှိ အသေးစား၊ အလတ်စားများ အစုအဖွဲ့များကို ဦးစားပေးကာ တိုးချဲ့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဈေးကွက်တစ်ပါတည်းရရှိရေးအတွက် ပြုပြင်ထုတ်လုပ်သူများနှင့် ချိတ်ဆက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ရောင်းဝယ်မှုအပိုင်းတွင် အရည်အသွေးထိန်းသိမ်းရန် လိုအပ်သည့် ဓာတ်ခွဲခန်းများအသုံးပြုနိုင်ရေးနှင့် ကော်ဖီအကဲဖြတ်နိုင်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးရေး စသည့် လုပ်ငန်းကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိကနှင့် အစိုးရပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကော်ဖီနှင့် လက်ဖက်သီးနှံ အစုအဖွဲ့များအား အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကော်ဖီနှင့် လက်ဖက်ကိုအခြေခံသော အစုအဖွဲ့များအနေဖြင့် ကုန်ထုတ်သမဝါယမအသင်းများအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးပေးနေမှုများ၊ စုပေါင်းထုတ်လုပ်ခြင်းကြောင့် ဈေးကွက်ဝေစုရရှိနိုင်မှု အားသာချက်များ၊ အရင်းအနှီးမတည်ငွေ စုဆောင်းခြင်း အလေ့အထနှင့် လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်မှု အခွင့်အလမ်းများ၊ ကော်ဖီနှင့် လက်ဖက်စိုက်ခင်းများအတွက် ကုန်ထုတ်လမ်းများ၊ ကျေးလက်ဒေသများအတွက် လျှပ်စစ်မီး အသုံးပြုနိုင်ရေး၊ ရေရရှိရေးအပါအဝင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လက်ရှိဆောင်ရွက်နေသော ရှမ်းပြည်နယ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ရှေ့အလားအလာများ၊ ကော်ဖီနှင့် လက်ဖက်တိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်ချက်များကို ပြည်နယ်အစိုးရအနေဖြင့် အားပေးကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ကော်ဖီနှင့် လက်ဖက်သီးနှံအစုအဖွဲ့ ကိုယ်စားလှယ်များက လက်ရှိလုပ်ငန်းအတွေ့အကြုံများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကော်ဖီနှင့် လက်ဖက်သီးနှံ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြရာ ကော်ဖီနှင့် လက်ဖက်သီးနှံ အစုအဖွဲ့ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပင်လောင်းမြို့နယ် နောင်တရား အာလူးအအေးခန်းသိုလှောင်ရုံသို့ သွားရောက်ကြပြီး အာလူးမျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေး မှာကြားခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နောင်တရား လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံသို့ သွားရောက်ကြပြီး လက်ဖက်အချိုခြောက် ထုတ်လုပ်နေမှုနှင့် နာနတ်သီးခြောက်ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ညနေပိုင်းတွင် ပင်လောင်းမြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ပင်လောင်းဥယျာဉ်ခြံတွင် ကော်ဖီနှင့် လက်ဖက်သီးနှံ အစုအဖွဲ့များအား တွေ့ဆုံ၍ ၂၀၂၂ ခုနှစ် ကော်ဖီအရည်အသွေးအကဲဖြတ်ပြိုင်ပွဲတွင် ပင်လောင်းဒေသထွက် ကော်ဖီများက အရည်အသွေးအမြင့်ဆုံးဆု (၃)ဆုရရှိခဲ့သဖြင့် မိမိဒေသ၏ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းထားရှိရေး၊ ကော်ဖီနှင့် လက်ဖက်စိုက်ပျိုးရန် ရာသီဥတုနှင့် ရေမြေအခြေအနေကောင်းရှိသဖြင့် ပင်လောင်းဒေသ၏ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ကော်ဖီနှင့် လက်ဖက်တိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့် တောင်သူအစုအဖွဲ့များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကော်ဖီနှင့်လက်ဖက်သီးနှံ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြရာ ကော်ဖီနှင့် လက်ဖက်သီးနှံ အစုအဖွဲ့ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားနည်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော်　ဇွန်　၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ်နှင့် တပ်မတော်သေနတ်ပစ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားနည်းသင်တန်းအမှတ်စဉ်(၂/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။

**တက်ရောက်**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တပ်မတော်သေနတ်ပစ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးဝင်း၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း/ရေ/လေ) သေနတ်ပစ်ပြိုင်ပွဲ အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်များနှင့် ကင်းကွာနေသော သေနတ်ပစ်အားကစားသမားများအား အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်များ၊ နည်းစနစ်၊ နည်းပညာများ၊ ပြိုင်ပွဲလုပ်ငန်းစဉ်များ၊ စည်းကမ်းများနှင့် ပြစ်ဒဏ်များအား သိရှိစေရန်နှင့် နိုင်ငံတကာပြိုင်ပွဲများတွင် သေနတ်ပစ်အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ယခုသင်တန်းကို ဒုတိယအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားအပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများ များစွာပေါ်ထွက်ခဲ့သည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်" ဟူသော ဆောင်ပုဒ်နှင့်အညီ အားကစားနည်းများစွာထဲမှ သေနတ်ပစ်အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် ပိုမိုလက်တွေ့ကျထိရောက်မည်ဖြစ်ပါကြောင်း၊ မျိုးဆက်သစ်အားကစားသမားများနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း ပြောကြားသည်။



အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားနည်း သင်တန်းအမှတ်စဉ်(၂/၂၀၂၂)ကို ဇွန် ၈ ရက်မှ ၁၄ ရက်အထိ အောက်မြန်မာပြည်ရှိ တိုင်း/တပ်မဌာနချုပ်များမှ သင်တန်းသား ၄၃ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မိမိတို့သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့်အတိုင်း မိမိတို့ဌာန တိုးတက်အောင်မြင်စေရန်အတွက် ရုံးလုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ တစ်ဦးကိုတစ်ဦး အပြန်အလှန် ရိုင်းပင်းကူညီသွားကြရန် လိုအပ်ကြောင်း၊ လူငယ်ရေးရာဦးစီးဌာနသည် ဌာနအသစ်ဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်မရွေး တင်ပြနိုင်ကြောင်း ပြောကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ပေါင်းစပ်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

(၂၀၂၀)ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်းမရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ်မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့ တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင်လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရအကြား နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပ





**နေပြည်တော် ဇွန် ၈**

မြန်မာ-အိန္ဒိယ နားလည်မှုစာချွန်လွှာ(MoU) အရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကိုယနေ့တွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ၂၀၁၇ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် MoU အရ အိန္ဒိယနိုင်ငံက တစ်နှစ်လျှင် အမေရိကန် ဒေါ်လာငါးသန်းနှုန်းဖြင့် ငါးနှစ်အတွက် အမေရိကန်ဒေါ်လာ ၂၅ သန်းကို ထောက်ပံ့မည်ဖြစ်ကြောင်း၊ ပထမနှစ်စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းဖြင့် မောင်တောမြို့နယ် ကြိမ်ချောင်းတောင်ကျေးရွာတွင် နေအိမ်အလုံး ၆၀၊ ရွှေဇားကျေးရွာတွင် နေအိမ် ၁၄၈ လုံး၊ နံ့သာတောင်ကျေးရွာတွင် နေအိမ် ၄၂ လုံး စုစုပေါင်းနေအိမ် ၂၅၀ ကို အိန္ဒိယနိုင်ငံအစိုးရအစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဒုတိယနှစ်စီမံကိန်းအဖြစ် အိန္ဒိယနိုင်ငံအစိုးရနှင့် ညှိနှိုင်းသဘောတူညီပြီးဖြစ်သော စီမံကိန်းလုပ်ငန်း ၁၃ ခုကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က အမြန်ဆုံးပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် တတိယအကြိမ်အဆိုပြုပေးပို့ထားသော စီမံကိန်း ၁၇ ခုနှင့်စပ်လျဉ်း၍ ကြိုတင်ညှိနှိုင်းဆွေးနွေးနိုင်ရန် ယနေ့အစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ ထောက်ပံ့ကူညီမှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို လစဉ် သို့မဟုတ် သုံးလတစ်ကြိမ် စဉ်ဆက်မပြတ်သိရှိပြီး လိုအပ်သောညှိနှိုင်းမှုများအရ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးနိုင်မည်ဖြစ်သဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးပေးကြရန်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် MoU ကို နိုင်ငံတော်ကိုယ်စား လက်မှတ်ရေးထိုးထားသည့်အတွက် MoU ပါအတိုင်း အကောင်အထည်ဖော်နိုင်ရေးတွင် အဓိကတာဝန်ရှိပါကြောင်း၊ လုပ်ငန်းများလျင်မြန်စွာဆောင်ရွက်နိုင်ခြင်းဖြင့် လုပ်ငန်းစီမံကိန်းများ၏ အကျိုးကိုခံစားရမည့်သူများအတွက် အကျိုးကျေးဇူးများ မြန်ဆန်စွာရရှိခံစားကြရမည်ဖြစ်သဖြင့် တာဝန်ရှိဌာနအဖွဲ့အစည်းအသီးသီးက သတ်မှတ်ကာလများအတိုင်း တာဝန်ကျေပွန်စွာဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာပြီးစီးနိုင်ရေး ပိုမိုအားထည့်ဆောင်ရွက်ပေးကြပါရန်နှင့် မိမိတို့အားလုံး အနီးကပ်ပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက စီမံကိန်းလုပ်ငန်းများ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို လုပ်ငန်းစီမံကိန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများ၊ မြေပြင်တွင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အွန်လိုင်းမှတက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာလုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာဖိုရမ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ထားဝယ် ဇွန် ၈**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကြီးမှူးကျင်းပသော ဖွဲ့စည်းပုံ အခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

### တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင်ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

### ဆွေးနွေးပို့ချသွားမည်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ဖိုရမ်ကျင်းပမည့် သုံးရက်တာကာလအတွင်းတွင် ဒေသအလိုက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေအနေများ၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုစေမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ချုပ်ဆိုထားသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ပါ အကြောင်းအရာများ၊ ဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေးပို့ချသွားမည် ဖြစ်ပါကြောင်း။

ခေါင်းစဉ်များအလိုက် ထွက်ပေါ်လာသည့် အကျိုးရလဒ်များကို အခြေခံကာ နိုင်ငံတော်က သတ်မှတ်ထားသည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် ပိုမိုပူးပေါင်း ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် ဝိုင်းဝန်းဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသား လူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးသည့် အခါနှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးဖွယ်ရှိလျှင် ကာကွယ်စောင့်ရှောက်မှု ရရှိရေးအတွက် သက်ဆိုင်ရာများသို့ နည်းဥပဒေပါ တင်ပြရမည့်ပုံစံများအတိုင်း တင်ပြနိုင်ပါကြောင်း ပြောကြားသည်။



### အမှာစကားပြောကြား

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် ထားဝယ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

### ဟောပြောဆွေးနွေး

ယင်းနောက် ဖိုရမ်ဆွေးနွေးမှုများကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကမ္ဘာ့နိုင်ငံရေးသမိုင်းကြောင်းများ၊မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းများ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ နည်းဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများ၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်တို့ကို ဟောပြောဆွေးနွေးသည်။

ယနေ့ကျင်းပသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ဖိုရမ်ကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေ့ပြောင်းအလုပ်သမားများ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card- OWIC) အား တရားဝင်ကိုင်ဆောင်ရေး အသိပေးကြေညာခြင်း

- ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေသည် မြန်မာနိုင်ငံရှိ အလုပ်သမားဝန်ကြီးဌာနမှ စည်းကြပ်ဆောင်ရွက်နေသည့် ဥပဒေဖြစ်ပြီး အဆိုပါဥပဒေအရ ပြည်ပနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားစာရင်းများရရှိနိုင်ရေး၊ အလုပ်သမားစေလွှတ်သည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ ဝင်ငွေခွန်များ၊ ကုန်သွယ်ခွန်များကို စနစ်တကျပေးဆောင်စေ၍ နိုင်ငံတော်အတွက် ဝင်ငွေများရရှိစေရေး၊ အလုပ်သမားများ ပြည်ပနိုင်ငံများတွင် အခက်အခဲပြဿနာ တစ်စုံတစ်ရာဖြစ်ပွား၍ အကူအညီတောင်းခံလာပါက အချက်အလက်များကိုစစ်ဆေး၍ ထိရောက်စွာကူညီဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံအလိုက် လုပ်သားထွက်ခွာမှုစာရင်းများမှတစ်ဆင့် လိုအပ်သည့်မူဝါဒများ ရေးဆွဲချမှတ်နိုင်ရေး၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို စနစ်တကျမှတ်ပုံတင်ထားရှိနိုင်ရေးတို့အတွက် Data Server တွင် အချက်အလက်များသိမ်းဆည်း၍ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card – OWIC)ကို သက်တမ်းငါးနှစ်ဖြင့် ထုတ်ပေးလျက်ရှိပါသည်။
- မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မြန်မာနိုင်ငံရှိ အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပေးထားသော OWIC ပါရှိမှသာလျှင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်နိုင်မည်ဖြစ်ပြီး OWIC သက်တမ်းငါးနှစ်အတွင်း ခွင့်ဖြင့်ပြန်လာ၍ ပြန်လည်ထွက်ခွာမည်ဆိုပါက အဆိုပါ OWIC ကို ဆက်လက်ကိုင်ဆောင်၍ ပြည်ဝင်/ ပြည်ထွက်များ အသုံးပြုနိုင်ပါသည်။
- အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်းနှင့် ပြည်ပအလုပ်အကိုင် အသိအမှတ်ပြုကတ် (OERC) ထုတ်ပေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာထားမှုတွင် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ပြည်ပတွင်အလုပ်လုပ်ကိုင်ခွင့်အတွက် အသိအမှတ်ပြုသက်သေခံကတ်အဖြစ် ထုတ်ပေးထားသည့် Overseas Worker Identification Card– OWIC အစား Overseas Employment Registration Card – OERC အဖြစ် ပြောင်းလဲထုတ်ပေးမည်ဖြစ်ကြောင်းပါရှိရာ အများပြည်သူများသိရှိနိုင်ရေး အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–
  - မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မြန်မာနိုင်ငံရှိ အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပေးထားသော OWIC ပါရှိမှသာလျှင် အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်နိုင်မည်ဖြစ်ကြောင်း၊
  - ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့်သူများသည် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG အလုပ်သမားဝန်ကြီးဌာနမှထုတ်ပေးမည့် OERC အား လျှောက်ထားခြင်း၊ လက်ဝယ်ကိုင်ဆောင်ထားခြင်း စိစစ်တွေ့ရှိရပါက Black List စာရင်းရေးသွင်းပြီး ပြည်ဝင်/ပြည်ထွက်ခွင့်များကို ပိတ်ပင်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဖြစ်ကြောင်း၊
  - ပြည်ပနိုင်ငံများတွင်ရောက်ရှိနေသူ မြန်မာနိုင်ငံသားများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG အလုပ်သမားဝန်ကြီးဌာနမှထုတ်ပေးမည့် OERC အား လျှောက်ထားခြင်း၊ လက်ဝယ်ကိုင်ဆောင်ထားခြင်း စိစစ်တွေ့ရှိရပါက Black List စာရင်း ရေးသွင်းပြီး နိုင်ငံကူးလက်မှတ်ပယ်ဖျက်ခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းခံရ၍ ပြည်ဝင်ခွင့်ပိတ်ပင်သွားမည်ဖြစ်ကြောင်း။

**အလုပ်သမားဝန်ကြီးဌာန**

## အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) တွင် ဆွေးနွေးညှိနှိုင်းမှုအားကောင်းခြင်းဖြင့် အငြင်းပွားမှုများကို လျော့ကျစေနိုင်

**နေပြည်တော် ဇွန် ၈**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းရန် ဖွဲ့စည်းထားသည့် ခုံသမာဓိကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၊ လှိုင်သာယာမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။



### ဖွဲ့စည်းပေးခဲ့

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ပြည်ထောင်စုဝန်ကြီးအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ယခုအဖွဲ့ဝင်များကိုတွေ့ဆုံ၍ လိုအပ်ချက်များ မှာကြားခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် ခုံသမာဓိရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့်အညီ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ၃၅၄၇ ဖွဲ့၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့၊ ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့နှင့် ခုံသမာဓိကောင်စီ တစ်ဖွဲ့တို့ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီတွင် ကနဦးဖြေရှင်း၍ ပြေလည်မှုများ ရရှိနေမှုကြောင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှုကို များစွာအထောက်အကူဖြစ်နေကြောင်း၊ ပြေငြိမ်းမှုမရသည့် အငြင်းပွားမှုများကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့်ဖြစ်စေ၊ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးရမည့် ကိစ္စရပ်များအတွက် မြို့နယ်ပေါင်းစပ်အဖွဲ့တို့ဖြင့် ဖြေရှင်းပေးလျက်ရှိကြောင်း။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခုံသမာဓိအဖွဲ့များအနေဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲပြောင်းပေးသည့် အငြင်းပွားမှုများကို ခုံသမာဓိကောင်စီက သတ်မှတ်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားလာပါက ဥပဒေနှင့်အညီ ခုံအဖွဲ့ ဖွဲ့စည်း၍ ဆုံးဖြတ်ချက်ချမှတ်ပေးလျက်ရှိကြောင်း။

ခုံသမာဓိကောင်စီအဖွဲ့ဝင်အနေဖြင့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် တင်သွင်းသည့် လျှောက်ထားလွှာများကို လက်ခံရရှိသည့်အခါ ခုံအဖွဲ့ ဖွဲ့စည်း၍ ကြားနာစစ်ဆေးရာတွင် စစ်ဆေးချက်များ၊ သက်သေခံခြင်းများအပေါ် အခြေခံ၍ လွတ်လပ်စွာဖြင့် အလုပ်ရှင်နှင့် အလုပ်သမားတို့အတွက် မျှတသောဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ကြောင်း၊ အငြင်းပွားမှုဖြေရှင်းရေး၊ ခုံသမာဓိကောင်စီ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း။

### တိုက်တွန်းမှာကြား

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) တွင် ဆွေးနွေးညှိနှိုင်းမှု အားကောင်းခြင်းဖြင့် အငြင်းပွားမှုများကို လျော့ကျစေနိုင်သဖြင့် WCC တိုးမြှင့်ဖွဲ့စည်းရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖျန်ဖြေရေးအရာထမ်းများအနေဖြင့် အငြင်းပွားမှုဖြစ်ပွားသည့် အခြေခံအကြောင်းအရင်းများ၊ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်သည့် စက်ရုံများ၏ အလေ့အထများနှင့် အငြင်းပွားမှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို အသိပညာပေးဆွေးနွေးခြင်း၊ တစ်ဦးချင်းညှိနှိုင်းဖျန်ဖြေမှုစွမ်းဆောင်ရည် မြင့်မားလာစေရန် အတွေ့အကြုံများ အပြန်အလှန်ဆွေးနွေးဖလှယ်၍ လက်တွေ့ကျင့်သုံးရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဘိုကလေး ဇွန် ၈**

ငါးမျိုးပြုန်းတီးမှုအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ယနေ့နံနက် ၁၀ နာရီတွင် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။



### ဆွေးနွေးဟောပြော

အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရာတွင် ငါးလုပ်ငန်းဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်အောင်ဆွေက ဘုရားချောင်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူ ၅၀ နှင့်တွေ့ဆုံ၍ မိမိတို့ဌာနအနေဖြင့် နှစ်စဉ်ငါးမျိုး၊ ငါးသားပေါက်များ စိုက်ထည့်လျက်ရှိကြောင်း၊ ငါးသယံဇာတများအား ထိခိုက်ပျက်စီးစေမည့် တားမြစ်ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးမှုမပြုလုပ်ကြရန်နှင့် တားမြစ်ထားသည့် ကိစ္စရပ်များအား ရှောင်ကြဉ်ခြင်းဖြင့် ငါးသယံဇာတထိန်းသိမ်းမှုအား ပူးပေါင်းကူညီရန်လိုအပ်ကြောင်း၊ ငါးဖမ်းဆီးမှုများနှင့် ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအား ပြည်သူများ နားလည်သဘောပေါက်စေရေး ဆွေးနွေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဇေယျာထွန်း၊ ဘုရားချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံများတက်ရောက်ကြပြီး တက်ရောက်လာသူများအား မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်းများဆိုင်ရာ သိမှတ်ဖွယ်ရာများအား ပြည့်စုံစွာရေးသားအသိပညာပေးထားသည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

ဆက်လက်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ တာဝန်ရှိသူများ၊ ဒေသခံများက ဘုရားချောင်းကျေးရွာအုပ်စုဒေါ်တင်မြတံတားအနီးတွင် ငါးသယံဇာတထိန်းသိမ်းနိုင်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရေး အသိပညာပေးဆိုင်းဘုတ်အား စိုက်ထူကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်နေသည့် ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းအပေါ် ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထား ထုတ်ပြန်ချက်

(၂၀၂၂ ခုနှစ်၊ ဇွန်လ ၈ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းသား ပြည်သူများအားလုံး လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်၍ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေရေးအတွက် ဦးတည်ချက်ထားရှိကာ ကျေးလက်ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်ကုသခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေး၊ ကျောင်းကျန်းမာရေး၊ အာဟာရမြှင့်တင်ရေး၊ မကူးစက်တတ်သောရောဂါများ (ဥပမာ- သွေးတိုး၊ နှလုံး၊ ဆီးချို စသည်...)တို့ကို ကာကွယ်ထိန်းချုပ်ကုသရေး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေး စသည့် ပြည်သူ့ကျန်းမာရေး၊ ကုသရေးနှင့် လူနာညွှန်းပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာရေးဝန်ထမ်းများ၏ စောင့်ထိန်းအပ်သော ကျင့်ဝတ်နှင့်အညီ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ တိုက်နယ်ဆေးရုံများ၊ မြို့နယ်ဆေးရုံများ၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဆေးရုံများ၊ ဗဟိုအဆင့် ဆေးရုံကြီးများစသည်တို့ကို ဖွင့်လှစ်ထားရှိရာ၌ အထက်ဖော်ပြပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ထိုသို့တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော တာဝန်သိနိုင်ငံ့ဝန်ထမ်းများဖြစ်သော ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများမှ ယုတ်မာရိုင်းစိုင်း၍ လူမဆန်စွာ လုပ်ကြံသတ်ဖြတ်မှုများကြောင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ ကျန်းမာရေးကြီးကြပ်များ၊ သားဖွားဆရာမများနှင့် အထောက်အကူပြုဝန်ထမ်းများသည် အသက်သေဆုံးခြင်းနှင့် ကိုယ်လက်အင်္ဂါထိခိုက်သည်အထိ ပြင်းထန်စွာ ဒဏ်ရာရရှိခြင်းတို့ ဖြစ်ပွားခဲ့ပါသည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းဖြစ်သော ကျန်းမာရေးဝန်ထမ်းကောင်းများ ဖြစ်ကြသူများကို အသက်သေဆုံးစေခြင်းနှင့် ကိုယ်လက်အင်္ဂါထိခိုက်စေ၍ ပြင်းထန်စွာ ဒဏ်ရာရရှိစေသည်အထိ ယုတ်မာရိုင်းစိုင်းစွာဖြင့် လူမဆန်စွာလုပ်ကြံခဲ့သည့် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း(ဗဟို) MNMA(Central) သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဇွန်လ(၈)ရက်

၁။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူနိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေးတို့အတွက် ဘက်ပေါင်းစုံမှ အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၂။ ထိုသို့ နိုင်ငံတော်အစိုးရ ကြိုးပမ်းဆောင်ရွက်ရာ၌ ကျန်းမာရေးဝန်ထမ်းများဖြစ်သော သူနာပြု၊ အမျိုးသမီးကျန်းမာရေးဆရာမနှင့် ဘက်စုံသားဖွားဆရာမများသည် နိုင်ငံနှင့်အဝှမ်း တာဝန်ကျရာ ဒေသအသီးသီးတွင် နိုင်ငံသူနိုင်ငံသားများ၏ စိတ်ရောကိုယ်ပါ ကျန်းမာရေးအတွက် ရှေ့တန်းမှနေ၍ စွန့်လွှတ်စွန့်စား ကြိုးပမ်းဆောင်ရွက် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

၃။ သို့သော် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိပါးနှောင့်ယှက်ဖျက်ဆီးလိုသော အကြမ်းဖက်အဖွဲ့အစည်းများက ကျန်းမာရေးဌာနများ၊ ဆေးရုံဆေးခန်းများကို အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများကို အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ် ကြားသိမြင်တွေ့နေရပါသည်။

၄။ ဖြစ်စဉ်တွင် ၂၆-၄-၂၀၂၂ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ကွမ်းအုံကျေးလက်ကျန်းမာရေးဌာန၊ ချမ်းသာကျေးလက်ကျန်းမာရေးဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသော ဘက်စုံ သားဖွားဆရာမ ဒေါ်စိုးစိုးအေးနှင့် ခင်ပွန်းဖြစ်သူ ဦးအောင်မြင့်တို့အား ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အပြန်ခရီး အကြမ်းဖက်အဖွဲ့အစည်းဝင်တစ်စုက ဓားများဖြင့် ရက်စက်စွာ ဝိုင်းဝန်း ထိုးခုတ် လုပ်ကြံသတ်ဖြတ်ခဲ့သည်ကိုလည်းကောင်း၊ ၃-၆-၂၀၂၂ ရက်နေ့က စစ်ကိုင်းမြို့နယ်၊ အောက်သောက်အုပ်စု၊ လင်းယဉ်ကျေးရွာ၊ လင်းယဉ်ကျေးလက်ကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဘက်စုံ သားဖွားဆရာမ ဒေါ်နွယ်နွယ်စိုးကို အကြမ်းဖက်သူတစ်စုက လာရောက်ဖမ်းဆီး ခေါ်ဆောင်ကာ တုတ်၊ ဓား၊ သေနတ်တို့ဖြင့် ပစ်ခတ်သတ်ဖြတ် လုပ်ကြံသည်ကိုလည်းကောင်း ဝမ်းနည်းကြေကွဲဖွယ်ကြားသိရပါသည်။

၅။ နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက် ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများသည် အဓိကကျသည့် အခြေခံအုတ်မြစ်ဖြစ်သည့်အပြင် ရှေ့တန်းတိုက်စစ်မှူးများအဖြစ် တာဝန်ထမ်းဆောင်ရင်း လုပ်ကြံသတ်ဖြတ်ခြင်းခံရခြင်းအတွက် မိသားစုဝင်များနှင့်အတူ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကျန်ရစ်သူမိသားစုများအား မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက တတ်နိုင်သည့် အားပေးထောက်ပံ့မှုပြုမည့်အပြင် အပြစ်မဲ့ကျန်းမာရေးဝန်ထမ်း ဘက်စုံသားဖွားဆရာမများနှင့် မိသားစုဝင်တို့အား ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက လုံးဝ(လုံးဝ)လက်မခံ ပြင်းထန်းစွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း**

## မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ သဘောထားထုတ်ပြန်ကြေညာချက်

( ၂၀၂၂ ခုနှစ်၊ ဇွန်လ ၈ ရက် )

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသည် သူနာပြုနှင့် သားဖွားတို့၏ သူနာပြုသားဖွားလုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များနှင့် ထိန်းသိမ်းရမည့် အမူအကျင့်များနှင့်အညီ ပြည်သူလူထုအား အရည်အသွေးပြည့်မီသော သူနာပြုစောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်နှင့် သူနာပြုသားဖွားများ၏ လုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်ရာတွင် အကာအကွယ်ပေးနိုင်ရေးကို ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအချိန်တွင် ကမ္ဘာနှင့်တစ်ဝန်း ကပ်ရောဂါများကို ခံစားနေရချိန် မြန်မာနိုင်ငံတွင်လည်း သူနာပြုနှင့် သားဖွားများသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအပြင် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက်များကိုရရှိစေရန် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအားလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၏ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး မိခင်နှင့်ကလေးငယ်များအား စောင့်ရှောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း နေ့ညမရွေး ဆောင်ရွက်ပေးနေရသူများဖြစ်ပါသည်။

၂၆-၄-၂၀၂၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ကွမ်းအုံကျေးလက်ကျန်းမာရေးဌာန၊ ချမ်းသာကျေးလက်ကျန်းမာရေးဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသော သားဖွားဆရာမ ဒေါ်စိုးစိုးအေးနှင့် ၃-၆-၂၀၂၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဆားတောင်ကျေးလက်ကျန်းမာရေးဌာန၊ လင်းယဉ်ကျေးလက်ကျန်းမာရေးဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသော သားဖွားဆရာမ ဒေါ်နွယ်နွယ်စိုးတို့အား အကြမ်းဖက်သူတစ်စုက လာရောက်ခေါ်ဆောင်သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း သိရှိရပါသည်။

ထိုသို့ တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို နေ့ညမရွေး ဆောင်ရွက်ပေးနေသော သူနာပြုသားဖွားများ၊ ကျန်းမာရေးဝန်ထမ်းများအား ရက်စက်စွာသတ်ဖြတ်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီက လွန်စွာစိတ်နှလုံး မချမ်းမြေ့ဖြစ်ရပါကြောင်းနှင့် သူနာပြုသားဖွားများအား ရက်စက်စွာသတ်ဖြတ်နေသော အကြမ်းဖက်သူများအား ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ**

## ထန်းတပင်မြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ထန်းတပင် ဇွန် ၈**

၂၀၂၂ခုနှစ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တံတားဦးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇေယျာလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာတာဝန်ရှိသူများထံသို့ စိုက်ပျိုးသွားမည့် ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးနိုင်လွင်ထွန်းက ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇေယျာလင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၃၀၊ ပျဉ်းကတိုး ၂၉ ပင်၊ ပိတောက်ပင် ၃၀၊ မဟောဂနီပင် ၃၀၊ ပျဉ်းမ ၄၅ ပင်၊ မအူလက်တံရှည်ပင် ၃၀၊ စိန်ပန်းပင် ၃၀၊ ငုရွှေဝါပင် ၃၀၊ မန်ကျည်းပင် ၃၀၊ အော်ရီရှားပင် ၃၀ နှင့် ခရေတစ်ပင် စုစုပေါင်းပျိုးပင် ၃၁၅ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



# ၁-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

(ယမန့်နေ့မှအဆက်)

**နေပြည်တော် Online သတင်းဌာနမှ လက်ထောက်အယ်ဒီတာ ဦးဝင်းနိုင်**က မြန်မာနိုင်ငံတွင် လက်ရှိစက်သုံးလောင်စာဆီများ၏ ဈေးနှုန်း အဆမတန်မြင့်တက်နေခြင်း၊ ပြတ်လပ်နေခြင်းများရှိကြောင်း၊ အကျိုးဆက်အနေဖြင့် ကုန်စည်စီးဆင်းမှုပြတ်တောက်ခြင်းနှင့် ကုန်ဈေးနှုန်းများ ၆၀ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာကြောင်း၊ သို့ဖြစ်၍ အခြေခံလက်လုပ်လက်စားပြည်သူများ အခက်အခဲများစွာရင်ဆိုင်နေရကြောင်း၊ လောင်စာဆီများ ဈေးနှုန်းသက်သာစွာဖြင့် ပြတ်လပ်မှုမရှိစေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားကြောင်းကို သိလိုကြောင်းမေးမြန်းသည်။

### ဈေးကွက်စီးပွားရေးစနစ်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီး ယခုမေးမြန်းသည့်မေးခွန်းကို မကြာမီကပင် မိမိဖြေပြီးဖြစ်ကြောင်း၊ စက်သုံးဆီဈေးနှုန်း သက်သာစေရန်နှင့် ပြတ်လပ်မှုမရှိစေရန် နှစ်ပိုင်းရှိကြောင်း၊ ဈေးနှုန်းသည် နိုင်ငံတကာနှုန်းအတိုင်းဖြစ်ကြောင်း၊ ဈေးနှုန်းသက်သာစေရန် အစိုးရအနေဖြင့် အခွန်အခလျှော့ပေါ့ပေးခြင်း၊ မြန်မာနိုင်ငံအတွင်း အနည်းဆုံး၊ အသက်သာဆုံးနှုန်းထားဖြင့် ရောင်းချပေးနိုင်စေခြင်းများကို ထိန်းညှိပေးခြင်းများကိုသာ လုပ်ဆောင်ပေးနိုင်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သည် ယခင်အတိုင်းဖြစ်ကြောင်း၊ စက်သုံးဆီပြတ်လပ်မှုမရှိစေရေးကိစ္စတွင် ယခင်ကပြောခဲ့သကဲ့သို့ ၁၆ ရက်နေ့အထိ အရန်ဆီရှိကြောင်း၊ ထပ်မံတင်သွင်းထားသည့် စက်သုံးဆီများရှိကြောင်း၊ မြေပြင်တွင် ဈေးနှုန်းကွာခြားချက်များရှိကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံအတွင်း အသုံးပြုရန်လိုအပ်သည့် စက်သုံးဆီများ ပြည်တွင်းသို့ အလုံအလောက် ရောက်ရှိနေစေရေးနှင့် သယ်ယူပို့ဆောင်ရေးတွင် အဆင်ပြေချောမွေ့စေရန် တာဝန်ရှိသဖြင့် ထိုအတိုင်းလုပ်ဆောင်ပေးနေကြောင်း၊ မိမိအနေဖြင့် မီဒီယာများအား ဆီသိုလှောင်ရာ နေရာများတွင် စက်သုံးဆီများ အမှန်တကယ်ရှိ/မရှိ လက်တွေ့ လိုက်လံပြသမည်ဖြစ်ကြောင်း၊ မှန်ကန်ပါက သတင်းထောက်ကြီးအနေဖြင့် “မိမိပြောခဲ့သည့်ကိစ္စများမှာ မှားယွင်းပါသည်၊ စက်သုံးဆီများ အမှန်တကယ် ရှိနေပါသည်” ဟု ပြန်လည်ရေးသားပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ရေးသားပေးမည်ဟုအာမခံပါက မိမိကိုယ်တိုင် သတင်းထောက်ကြီးကို လိုက်လံပြသမည်ဖြစ်ကြောင်း၊ စိန်ခေါ်ခြင်းမဟုတ်ပါကြောင်း၊ မီဒီယာများပြောသကဲ့သို့ အဖြစ်အပျက်များကိုလည်း မိမိတို့ကြားသိရကြောင်း၊ မည်သည့်အတွက်ကြောင့်ဖြစ်ရသည်ဆိုသည့် ကွာဟချက်ကိုလည်း သိပါကြောင်း၊ အဆိုပါကွာဟချက်ကိုလည်း အတင်းအကြပ်ပြုပြင်ရန် မလွယ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ထိန်းညှိပေးခြင်းကိုသာ ဆောင်ရွက်ပေးနိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့အကျိုးပြုသတင်းမီဒီယာမှ အယ်ဒီတာ ကိုခန့်**က မိမိတို့နိုင်ငံ၌ ဝန်ထမ်းများလာဘ်စားခြင်းသည် တိုင်းသိပြည်သိဖြစ်ကြောင်း၊ ယခုကဲ့သို့ လာဘ်စားခြင်း၏အခြေခံမှာ ဝန်ထမ်းများ၏ လစာနည်းပါးခြင်း ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့်ဖြစ်သည်ဟုသိရကြောင်း၊ အစိုးရအနေဖြင့် လစာတိုးပေးသော်လည်း ထပ်တူဖြစ်ပေါ်လာသည့် ကုန်ဈေးနှုန်း ကြီးမားခြင်းကြောင့်ဟု သိရကြောင်း၊ ယင်းကိစ္စသည် အစိုးရအဆက်ဆက် ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းကို ထိန်းချုပ်နိုင်ခြင်းမရှိကြောင်းကို သိသာထင်ရှားနေကြောင်း၊ ယခုကဲ့သို့သောကာလတွင် ဝန်ထမ်းတချို့ ပိုမိုလာဘ်စားလာသည်ကို တွေ့ရကြောင်း၊ ထို့အတူ ကမ္ဘာ့အရေးကြောင့် ကုန်ဈေးနှုန်းကြီးမြင့်လာသည်ကိုလည်း တွေ့ရကြောင်း၊ ထို့ကြောင့် လက်ရှိအစိုးရအနေဖြင့် ဝန်ထမ်းများလာဘ်စားခြင်းမှ ကင်းဝေးစေရန်နှင့် သက်သာချောင်ချိရေး မိသားစုဘဝကို ငွေညှာသောအားဖြင့် ကုန်ဈေးနှုန်းကျဆင်းစေရန်နှင့် နိုင်ငံတော်အေးချမ်းချိန်တွင် လစာတိုးပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှု ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

### စရိတ်နှင့် ခံစားခွင့်များ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လစာကိစ္စနှင့်ပတ်သက်၍ မိမိပြောလိုကြောင်း၊ ယခုလက်ရှိအခြေအနေတွင် လစာတိုးမြှင့်ပေးဖို့မရှိကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် အထောက်အကူဖြစ်စေရန် စရိတ်နှင့် ခံစားခွင့်များ တိုးတက်ရရှိခံစားနိုင်ရေး မိမိတို့အနေဖြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းကိစ္စများအား အလေးထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း (ထားဝယ်)**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျက်ရှိသည်ဟုသိရကြောင်း၊ မကြာသေးမီက ပဲခူးတိုင်းဒေသကြီး၌ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ခဲ့သည်ဟု သိရှိရကြောင်း၊ မေးမြန်းလိုသည့်မေးခွန်းမှာ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည့်အခြေအနေနှင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးနေသည့် အခြေအနေကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ စာရင်းဇယားများအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၀ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၃၉၈၀ ဝင်ရောက်ခဲ့သည်ဟု သိရကြောင်း၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုအနေဖြင့် အစိုးရအလုပ်အကိုင် ၁၉၀၀၀ ကျော်နှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၄၀၀၀၀ ကျော် စုစုပေါင်း တစ်သိန်းခြောက်သောင်းကျော် ဖန်တီးပေးနိုင်ခဲ့သည်ဟု သိရကြောင်း၊ အသေးစိတ်အချက်အလက်များကို အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က ဖြေကြားပေးရန် မေတ္တာရပ်ခံပါကြောင်း၊ အလုပ်သမားဝန်ကြီးဌာနဘက်က တာဝန်ရှိသူမပါခဲ့လျှင် မိမိအနေဖြင့် ဖြေကြားပေးမည်ဖြစ်ကြောင်း၊ အလုပ်သမားနှင့်ပတ်သက်၍ ခရိုင်နှင့်မြို့နယ်များအလိုက် အလုပ်သမားရှာဖွေရေးရုံး ၈၉ ရုံးဖွင့်ထားကြောင်း၊ အလုပ်သမားရှာဖွေရေးရုံး ဖွင့်လှစ်ခြင်းမရှိသည့် နေရာများတွင် အလုပ်သမားရှာဖွေရေး ရွေ့လျားအဖွဲ့ (Mobile Team) များနှင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးတွင် အကျိုးဆောင် လိုင်စင်ကို ၂၀၁၀ ပြည့်နှစ်မှ စတင်ခွင့်ပြုထုတ်ပေးခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မေလတွင် လိုင်စင်ရအေဂျင်စီ ၇၀ ရှိပြီး ပုဂ္ဂလိကပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှတစ်ဆင့် အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးနေသည်ဟုလည်း သိရကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယခုလက်ရှိ မေလအထိ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အလုပ်အကိုင်နှင့် အလုပ်အကိုင် ရှာဖွေရေးရုံးများနှင့် အလုပ်သမားမှတ်ပုံတင်မှုနှင့် အလုပ်သမားချိတ်ဆက်နေမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလုပ်အကိုင်ရှာဖွေပေးနိုင်မှုအနေဖြင့် အစိုးရအလုပ်အကိုင် ၁၉၉၅၄ ခု ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ ပုဂ္ဂလိက အလုပ်အကိုင်ပေါင်း ၁၄၆၁၅၃ ခု စုစုပေါင်း ၁၆၆၁၀၇ ခု ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဖေဖော်ဝါရီလမှစပြီး မေ ၃၁ ရက်အထိ လုပ်ငန်းပေါင်း ၇၀ ရှိကြောင်း၊ အမေရိကန်ဒေါ်လာသန်း ၃၉၈၀ ကျော် ဝင်ရောက်ခဲ့ကြောင်း၊ အဓိကရင်းနှီးမြှုပ်နှံမှုဖြစ်သည့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၀၆၂ သန်းရှိကြောင်း၊ စက်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃၀၄ သန်းရှိကြောင်း၊ နိုင်ငံများအနေဖြင့် မည်သည့်နိုင်ငံများက ရင်းနှီးမြှုပ်နှံခဲ့သည်ကို မိမိအနေဖြင့် မပြောလိုကြောင်း။

### ပြည်တွင်းလုပ်သား ၅၆၈၀၂ ဦး

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုအခြေအနေမှာ ပြည်တွင်းလုပ်သား ၄၈၈၇၇ ဦးအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှလည်း ပြည်တွင်းလုပ်သား ၇၉၂၅ ဦးအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများမှ ပြည်တွင်းလုပ်သား ၅၆၈၀၂ ဦးအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ကြောင်း ပြန်လည်ဖြေကြားသည်။

**ခေတ်ပုံရိပ်သတင်းဂျာနယ်မှ သတင်းထောက် ဦးဝင်းနိုင်**က မိမိမေးမြန်းလိုသည်မှာ နိုင်ငံတော်အစိုးရမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းမရှိသောသူများနှင့် မှတ်ပုံတင်မရှိသောသူများကို စီမံချက်တစ်ခုအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းကို ပြည်သူများက ဝမ်းသာအားရဖြစ်ခဲ့ကြကြောင်း၊ သို့သော် အချို့ရပ်ကွက်/ကျေးရွာ အောက်ခြေများတွင် မလုပ်ပေးနိုင်သည်များကို တွေ့ရပါကြောင်း၊ ဌာနဆိုင်ရာများတွင် လာရောက်လုပ်ကိုင်ပေးသည့် နေရာတချို့တွင်လည်း ပုံစံ ၆၆/၆ အိမ်ထောင်စု လူဦးရေစာရင်းရှိသူများကို ဦးစားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသားဖြစ်ပြီး လူတန်းစေ့ နိုင်ငံသားစိစစ်ရေးမှတ်ပုံတင် ကိုင်ဆောင်နိုင်ရေးအတွက် တချို့မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း မရှိသေးသောသူများနှင့် လှိုင်သာယာကဲ့သို့သော မြို့နယ်များတွင် နာဂစ်ဘေးကြောင့် ဆွေစဉ်မျိုးဆက်ပြတ်ပြီး လာရောက်နေထိုင်သူ အတော်များများတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင် မရှိသေးသောသူများကို တွေ့ရှိရကြောင်း၊ မိသားစုစားဝတ်နေရေးအတွက် ရရာအလုပ်ကို သွားလျှောက်သော်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင် မရှိသောကြောင့် အဆင်မပြေမှုများဖြစ်နေကြကြောင်း၊ ယခုအချိန်တွင် ရွေးကောက်ပွဲကာလကလည်း နီးကပ်လာပြီဖြစ်သည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်မရှိသေးသောသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိသိသလောက်ပြောရရင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ ပန်းခင်းစီမံချက် အကုန်မပြီးသေးဟု သိရကြောင်း၊ အသေးစိတ်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူက ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ပန်းခင်းစီမံချက်၊ ပုံစံ ၆၆/၆ တို့နှင့်ပတ်သက်၍ မိမိအနေဖြင့် နားလည်အောင် ရှင်းပြမည်ဖြစ်ကြောင်း၊ ယင်းပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လတာကာလ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူဦးရေ ၃ ဒသမ ၄ သန်း မှတ်ပုံတင်မရှိဆိုသည့် ကိစ္စဖြစ်ခဲ့သည့်အတွက် မိမိတို့အနေဖြင့် ယခုလို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိတွင် သုံးသန်းခန့် မှတ်ပုံတင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း **စာမျက်နှာ ၁၁ သို့** ❖

❖ စာမျက်နှာ ၁၀ မှ

ရှင်းပြထားပြီးဖြစ်ကြောင်း၊ နေထိုင်ခွင့်ပုံစံလေးမျိုးရှိကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး မှတ်ပုံတင်မရှိခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်းလည်းမရှိ၊ မှတ်ပုံတင်လည်းမရှိခြင်း၊ ၎င်းနေခဲ့သည့်ဒေသတွင် အိမ်ထောင်စုစာရင်းရှိပြီး မှတ်ပုံတင်မရှိခြင်း၊ ၎င်းနေခဲ့သည့်ဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းလည်းမရှိ၊ မှတ်ပုံတင်လည်းမရှိခြင်း စသည်ဖြင့် နေထိုင်မှုပုံစံ လေးမျိုးဖြင့် ဆောင်ရွက်ပေးနေကြောင်း၊ လှိုင်သာယာတွင် ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှုအနေဖြင့် အကြိမ် ၅၀၀ ကျော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတစ်တိုင်းလုံးအတွက် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း၊ အချို့ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ကွင်းဆင်းပြီး ရာနှုန်းပြည့်ဆောင်ရွက်နေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်ရွက်နေဆဲဖြစ်ပြီး မပြီးသေးကြောင်း၊ လှိုင်သာယာ၌ လှိုင်သာယာအရှေ့၊ အနောက် နှစ်ခုလုံးအတွက် ကွင်းဆင်းဆောင်ရွက်နေကြောင်း၊ ယခု ပန်းခင်းစီမံချက်ပြီးစီးလျှင်လည်း ဆက်လက် ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယခုတွင် မိမိတို့နိုင်ငံ၏ လူဦးရေမှာ ၅၅ ဒသမ ၆ သန်းရှိနေပြီဖြစ်ကြောင်း၊ တစ်နှစ်အတွင်း ဆယ်နှစ်ပြည့်လာသည့်လူဦးရေမှာ လေးသိန်းခန့်ရှိကြောင်း၊ (၁၈) နှစ်ပြည့်သူ ငါးသိန်းခန့် နှစ်စဉ်ရှိနေကြောင်း၊ ထို့ကြောင့် အသက်ပြည့်လာသည့်လူများကိုလည်း မိမိတို့က ပုံမှန်ဆက်လက် ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း။

မိမိတို့၏ ယခုပန်းခင်းစီမံချက်ကိုလည်း သတင်းထောက်ကြီးအနေဖြင့် သိမည်ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက်မစတင်မီကတည်းကပင် မီဒီယာများနှင့် TV၊ Radio၊ Talkshow များနှင့် LED ဘုတ်များတွင် စီမံချက်ဆောင်ရွက်နေသည့် မှတ်ပုံတင်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ရန် ဆောင်ရွက်ခြင်းများရှိကြောင်း၊ ယင်းစီမံချက်ကို ၁၈ လတာကာလအတွင်း ရည်မှန်းချက်ပြည့်မြောက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အပြီးလုပ်ရန် တာဝန်ပေးထားကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ပြည်သူလူထုများအပေါ်တွင် စေတနာရှိပါက မည်သည့်နေရာတွင် လုပ်ပေးရန်လိုသည်ဆိုသည့် လူဦးရေစာရင်းပေးရန် လိုအပ်ကြောင်း၊ ယင်းလှိုင်သာယာမြို့နယ်ရုံးတွင် ထိုလူဦးရေစာရင်းပေးပြီး အိမ်ထောင်စု လူဦးရေစာရင်းမရှိလျှင် မရှိကြောင်း၊ မှတ်ပုံတင်မရှိလျှင် မရှိကြောင်း စသည်ဖြင့် ဆက်သွယ်ပြီးဆောင်ရွက်ပေးမည်ဆိုပါက ပြည်သူအပေါ် စေတနာထား၍ ဆောင်ရွက်ပေးနိုင်ကြောင်း၊ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်များကို လှိုင်သာယာတွင် လုပ်ပေးနေသည်ကို သတင်းထောက်ကြီး မသိ၍လား သို့မဟုတ် မလုပ်ချင်တာလား နှစ်ခုထဲက တစ်ခုဖြစ်မည်ဟုထင်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

## ငြိုဟ်တုလေးလုံး

**ခေတ်သစ်သတင်းစာသတင်းဌာနမှ အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်း**က NLD ပါတီ၏ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ် ချမှတ်ထားသည်ကို သိသည့်အတွက် မိစ္ဆာပါတီဟု တိုင်းသိပြည်သိ ကမ္ဘာသိ မိမိကြေညာခဲ့ကြောင်း၊ ထို့နောက် မိမိအနေဖြင့် ခေတ္တပျောက်ကွယ်နေခဲ့ကြောင်း၊ ယခုပြန်ပေါ်လာကြောင်း၊ ယခုမိမိပြောလိုသည်မှာ ယနေ့နိုင်ငံတော်အစိုးရက မြန်မာပြည်၏အခြေအနေကို ကမ္ဘာ့ပြည်သူများ သိရှိနိုင်ရန် ငြိုဟ်တုလေးလုံးကို ငှားရမ်းသုံးစွဲပြီး လုပ်ဆောင်နေပါကြောင်း၊ ယခင်ကတပ်ဆင်သည့် ငြိုဟ်တုတစ်လုံး၏ တန်ဖိုးပင်မနည်းကြောင်း၊ ယခုလေးလုံးဆိုလျှင် ပို၍များကြောင်း၊ မိမိအနေဖြင့် ပြောလိုသည်မှာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို စိန်ခေါ်ရန်အတွက် ယခုတက်လာခြင်းဖြစ်ကြောင်း၊ ပြည်တွင်းအရေးနှင့်ပတ်သက်၍ အားလုံးကို ဗိုလ်ချုပ်လည်း ရှင်းပေးပြီးဖြစ်ကြောင်း၊ မီဒီယာသမားများက




လည်းပြောပြီး၍ တော်တော်ပြည့်စုံကြောင်း၊ မိမိပြောချင်သည်မှာ ဂျိုးဘိုင်ဒင်ကို စိန်ခေါ်ရန်အတွက်ဖြစ်ကြောင်း၊ အမေရိကန်သမ္မတက အိမ်ဖြူတော်တွင် သတင်းစာရှင်းလင်းပွဲတက်ရောက်ရန် မိမိကိုခွင့်ပြုထားကြောင်း၊ ဗီဇာမလိုအပ်ကြောင်း၊ သမ္မတ ဘားရက်အိုဘားမားလာရောက်စဉ်က ၎င်း၏ Press Secretary က မိမိကို ကတ်ပြားတစ်ခုပေးခဲ့ကြောင်း၊ ယခုကတ်ပြားသည် အမေရိကန်၏ White House Press International License 14191 Identity Property ဟုဆိုလျှင် အားလုံးသိပါကြောင်း၊ White House Press တစ်ခုအတွက် လိုင်စင်နံပါတ်ပင် ပါဝင်ကြောင်း၊ မိမိ၏ နံပါတ်မှာ ၉၈၃ ဖြစ်ကြောင်း၊ ဂျိုးဘိုင်ဒင်ကို စိန်ခေါ်ရသည်မှာ အားလုံးသိကြသည့်အတိုင်းဖြစ်ကြောင်း၊ မိမိမေးလိုသည်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ NUG၊ PDF၊ NLD တို့က စာသင်ကျောင်းများကို မီးရှို့သည်မှာ ၁၂၃ ကြိမ်၊ စာသင်ကျောင်းများကို ဗုံးခွဲတိုက်ခိုက်သည်မှာ ၃၆၇ ကြိမ်၊ စာသင်ကျောင်းများအနီး ပစ်ခတ်တိုက်ခိုက်သည်မှာ ၁၂ ကြိမ်၊ ကျောင်းစဖွင့်သဖြင့် ခြိမ်းခြောက်ခဲ့သည်မှာ ၄၉ ကြိမ် ဖြစ်ကြောင်း။

ယင်းတို့ကို အကြမ်းဖက်တိုက်ခိုက်သည်ဟု ဂျိုးဘိုင်ဒင်က မယူဆဘူးလားဟု မိမိအနေဖြင့် ပြောလိုကြောင်း၊ ဗိုလ်ချုပ်ကို မေးတာမဟုတ်ကြောင်း၊ ဝန်ကြီးဌာနများကိုလည်း မေးမြန်းခြင်းမဟုတ်ကြောင်း၊ ဖြေကြားပေးရန်လည်း မလိုကြောင်း၊ သို့သော် မြန်မာပြည်တွင် အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်မှုကို နေ့စဉ်နှင့်အမျှခံနေရကြောင်း၊ မိမိမှတ်မိသလောက်ပြောရလျှင် ၂၀၁၈ ခုနှစ်ခန့်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက Resolution 2427 ကို ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းကလေးသူငယ်များ၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းတွင် ငြိမ်းချမ်းစွာ ပညာသင်ကြားခွင့်ကို နှောင့်ယှက်ခြင်း၊ အကာအကွယ်မပေးခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းများ စသည်တို့ကိုရှုံ့ချရမည်၊ ကန့်ကွက်ရမည်ဟု ပါဝင်ကြောင်း၊ Children and Armed Conflict ဖြစ်ကြောင်း၊ ယခုဖြစ်ပျက်နေသည့် အဖြစ်အပျက်များမှာ အကြမ်းဖက်ခြင်းမဟုတ်ဘူးလားဟု ဂျိုးဘိုင်ဒင်အား မေးမြန်းလိုကြောင်း၊ အကြမ်းဖက်ဟု မသတ်မှတ်ပါက မည်ကဲ့သို့သတ်မှတ်သည်ကို သိလိုကြောင်း၊ ထို Definition မှာ မေးခွန်းဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကို မေးခြင်းမဟုတ်ကြောင်း၊ ဝန်ကြီးဌာနများမှ အဓိပ္ပာယ်ရှင်းလင်းပေးရန် မိမိအနေဖြင့်မတောင်းဆိုကြောင်း၊ မိမိအနေဖြင့် ပြောသင့်ပြောထိုက်သဖြင့် ပြောလိုကြောင်း၊ နောင်တွင်မိမိအနေဖြင့် တက်ချင်မှတက်မည်ဖြစ်ကြောင်း၊ မိမိတွင် မီဒီယာလုပ်ငန်းတာဝန်များများပြားကြောင်း။

## အမျိုးသားအန္တရာယ်ကြီး

မြန်မာပြည်တွင် အမျိုးသားအန္တရာယ်ကြီးသုံးခုကို တပ်မတော်နှင့်အစိုးရက ပြတ်ပြတ်သားသားချေမှုန်းတိုက်ခိုက်ခဲ့သည်ကို ယနေ့လူငယ်သတင်းသမားများ သိရန်လိုအပ်ကြောင်း၊ တရုတ်ဖြူကျူးကျော်မှုတွင် တပ်မတော်သားများ မည်မျှစတေးခဲ့ရသည်ကို သိရန်လိုကြောင်း၊ အမေရိကန်၏ ကျူးကျော်မှုများလည်းရှိခဲ့ကြောင်း၊ ယင်းကို မိမိတို့ကာကွယ်ခဲ့ရကြောင်း၊ ယခုပြည်တွင်း၌ လက်ရှိအကြမ်းဖက်ချေမှုန်းမှုများကို ဂျိုးဘိုင်ဒင်အနေဖြင့် မည်သို့သဘောထားသည်ကို စိန်ခေါ်ပြီးမေးမြန်းလိုကြောင်း မေးမြန်းသည်။

**တဲ့ပြောမီဒီယာ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က မေးခွန်းမမေးမီ တောင်းဆိုစရာရှိကြောင်း၊ မိမိတို့သတင်းဌာနများအနေဖြင့် မေးခွန်းတစ်ပုဒ်သာ မေးခွင့်ရကြောင်း၊ တချို့မေးခွန်းများကို ဗိုလ်ချုပ်အနေဖြင့် On the Spot ဖြေဆိုရန် ဒေတာအချက်အလက်များမရှိသည့်အတွက်ကြောင့် ပြန်ပြီးမေးလိုက်ပါမည်ဟု ပြောပါကြောင်း၊ မိမိအနေဖြင့် တောင်းဆိုလိုသည်မှာ ယင်းသို့မဖြေနိုင်ခဲ့သည့် မေးခွန်းများကို နောက်တစ်ပတ် သတင်းစာရှင်းလင်းပွဲတွင် တိကျသောဒေတာအချက်အလက်ဖြင့် ဗိုလ်ချုပ်ရှင်းလင်းသည့်နေရာတွင် ထည့်ပြောစေလိုကြောင်း၊ နောက်တစ်ခုမှာ မင်္ဂလာစကားဖြစ်ကြောင်း၊ လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယခု ငြိမ်းချမ်းရေးဖိတ်ခေါ်မှု၏ အကျိုးရလဒ်အပေါ်မှာ ခံစားရသောအကြောင်းအရာနှင့် မခံစားရသောအသံများ ကရင်ပြည်နယ်တွင် ကြားသိရကြောင်း၊ KNU ၊ KNLA-PC ငြိမ်းချမ်းရေးကောင်စီ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ကြောင်း၊ တက်ပြီးပြန်သွားသည့်အချိန် တပ်မှူးများကို ပြန်လည်ပြီး အဓိကမှာသည့်အကြောင်းအရာတစ်ခု ပေါ်ပေါက်လာကြောင်း၊ NRPC မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က PC အတွက် စိုက်ပျိုးမွေးမြူရေးအတွက် မြေဧက ၇၀ ကူညီပေးရန် ကရင်ပြည်နယ်ဝန်ကြီးချုပ်ကို အကူအညီတောင်းကြောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ကလည်း လိုအပ်သည်များကို အကူအညီပေးကြောင်း၊ လက်ရှိ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စိုက်ပျိုး/ မွေးမြူရေးအတွက် ငွေကြေးထောက်ပံ့ပြီးပေးသည့်အတွက်ကြောင့် ၎င်းတို့အတွက် အဆင်ပြေကြောင်း၊ အုပ်ချုပ်ရေးနယ်မြေတွင် မီတာများလိုသည့်အတွက် မီတာအလုံး ၁၀၀ လျှော့ကြောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးကလည်း ချက်ချင်းကူညီပေးကြောင်း၊ ထိုဒေသ၏တိုင်းရင်းသားများက ငြိမ်းချမ်းရေး၏ အသီးအပွင့်ကို ခံစားလာရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏တပ်မှူးများကို PDF များနှင့် လုံးဝဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် မိမိတို့ငြိမ်းချမ်းရေးအပျက်မခံနိုင်ဘူးဆိုသည့် အဓိကမှာသည့်စကားထွက်လာသည်ကို ကြားသိရကြောင်း။

KNU က ငြိမ်းချမ်းရေး မတက်သည့်အတွက်ကြောင့် KNU ဒေသတွင် စီမံကိန်းလျာထားချက်လုပ်ငန်းများ ဖျက်သိမ်းလိုက်ကြောင်း၊ လက်ရှိခေါ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မတက်သည့်အတွက်ကြောင့် ၎င်းတို့ဒေသအတွက် ဖွံ့ဖြိုးရေးမဖြစ်လာကြောင်း၊ ၎င်းတို့အတွက် ဝမ်းနည်းကြောင်း၊ လက်ရှိရပြီးသားငြိမ်းချမ်းရေးကို ပျက်စီးမှာစိုးရိမ်သည့်အတွက် ကရင်ပြည်နယ်တွင်နေသည့် ဒေသခံလူထုများ၏ပြောကြားသံကို မိမိကြားရကြောင်း၊ မိမိသတင်းဌာနမှမေးသည့် မေးခွန်းမဟုတ်ကြောင်း၊ KNU ကို လက်ရှိငြိမ်းချမ်းရေးကို ရအောင်သည်းခံပြီး ဆွဲခေါ်ပေးရန် အစီအစဉ်ရှိပါသေးလားဟု ကရင်ပြည်နယ်တွင်နေသည့် ဒေသခံလူထုများကမေးသည့် မေးခွန်းဖြစ်ကြောင်း၊ မိမိသတင်းဌာနမှမေးသည့် မေးခွန်းသည် မြန်မာနိုင်ငံတစ်ဝန်း တရားရုံး၊ ရဲစခန်းများတွင် သိမ်းဆည်းရမိသည့် ဆိုင်ကယ်များ၊ မော်တော်ယာဉ်များရှိကြောင်း၊ ၎င်းတို့ကို တချို့က ပိုင်ရှင်မဲ့အဖြစ်သိမ်းကြောင်း၊ ပိုင်ရှင်မဲ့ဆိုသည့်အတွက် အမှုကတစ်ခါတည်းပြီးသွားကြောင်း၊ တချို့ကျ တရားရုံးတွင် အမှုပြီးပြတ်သည်များရှိကြောင်း၊ သုံးနှစ်၊ လေးနှစ် မြေစိုက်ဘဝနှင့် ဖြစ်နေကြောင်း၊ မြေစိုက်ဘဝနှင့် ကြာကြာထားသည့်အတွက် တန်ဖိုးမဲ့လာပြီး အရည်ကျိုကိုပို့လိုက်ကြောင်း၊ အရည်ကျိုကိုပို့လိုက်လျှင် ကားတစ်စီး၏တန်ဖိုးသည် သုံးသိန်း၊ ငါးသိန်းထက်ပိုမရကြောင်း၊ ဆိုင်ကယ်ဆိုလျှင်လည်း သုံးသောင်း၊ နှစ်သောင်း၊ ငါးသောင်းသာ ရကြောင်း၊ မင်္ဂလာဒုံရဲစခန်းတွင်လည်း အပြည့်ဖြစ်နေကြောင်း၊ ကရင်ပြည်နယ်တွင်လည်း ဆိုင်ကယ်များ အပြည့်ဖြစ်နေကြောင်း၊ ထိုဆိုင်ကယ်များကို အမှုပြီးပြတ်သွားလျှင် ပြည်သူလူထုအား သက်သာသောဈေးနှုန်းဖြင့် လေလံချပြီး ရောင်းချပေးလျှင် လူတိုင်းကိုယ်စီ စီးနိုင်ကြောင်း၊ နောက်တက်လာသည့်အစိုးရအတွက် ရလဒ်သည် ၎င်းတို့ကို လိုင်စင်ချပေးသည့်အတွက်ကြောင့် လိုင်စင်ဆောင်ရသည့် လေလံနှင့် အောင်သွားသည့်အခါ ဆိုင်ကယ်တစ်စီးကို တစ်သိန်း၊ ထိုအပေါ်တွင် မိမိတို့ကအခွန်ထပ်ရကြောင်း၊ နှစ်စဉ် နိုင်ငံတော်ဝင်ငွေလည်း ရရှိကြောင်း၊ အရည်ကျိုစက်ကိုပို့လိုက်လျှင် တန်ဖိုးမဲ့ကြောင်း၊ မော်တော်ယာဉ်များ ထိုနည်းလည်းကောင်းဖြစ်ကြောင်း၊ လက်ရှိနေရာတွင် အမှုပြီးပြတ်သွားပြီး လေလံမပစ်နိုင်သေးလျှင် နိုင်ငံတော်မှ ဦးစီးအရာရှိ၊ ပြန်တမ်းဝင်အရာရှိများကို ခေတ္တထိန်းသိမ်းသုံးစွဲခွင့်၊ ဌာန၌တာဝန်ထမ်းဆောင်သည့်အချိန်တွင် ထိုသို့ထိန်းသိမ်းစောင့်ရှောက်ခွင့်ပေးမည်ဆိုလျှင် နိုင်ငံတော်အနေဖြင့် သီးခြားဝယ်ပြီး ပိုက်ဆံကုန်တော့မည်မဟုတ်ကြောင်း၊ ဝန်ကြီးဌာနရှိ ဦးစီးအရာရှိများသည်လည်း နွေ၊ မိုး၊ ဆောင်း၌ လုပ်ငန်းတွင်ကျယ်သွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အစီအစဉ်များ ရှိ/မရှိသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က KNU အဖွဲ့နှင့်ပတ်သက်ပြီး မီဒီယာတစ်ခုမေးသည့်အထဲ ဖြေသည့်အထဲတွင် ပါပြီးဖြစ်ကြောင်း၊ KNU အဖွဲ့အတွင်းတွင် သဘောထားကွဲလွဲနေသည်ကိုလည်း ကြားသိရကြောင်း၊ သတင်းထောက်ကြီးပြောသည်မှာ မှန်ကန်ပါကြောင်း၊ ယခင်ကတည်းကရှိသည့် KNU နယ်မြေတွင်လည်း တိုက်ပွဲများဖြစ်လာမည်ကို စိုးရိမ်သည့် လူများလည်းရှိကြောင်း၊ မိမိတို့သဘောထားသည် ဖိတ်ကြားထားသည့်အတိုင်း လာမည်ဆိုလျှင် ကြိုဆိုလျက်ရှိကြောင်း၊ KNU တစ်ဖွဲ့တည်းသာ မဟုတ်ဘဲ ကျန်သည့်အဖွဲ့များအတွက်လည်း ပါဝင်ပြီး ဖိတ်ထားသည့်အတိုင်း လာမည်ဆိုလျှင် ကြိုဆိုနေမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့်ပတ်သက်ပြီး ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများအရ ဖြေကြားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းရမိသည်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက စစ်ဆေးရေးအဖွဲ့နှင့် သွားရောက်စစ်ဆေးပြီး အဆင့်ခွဲထားကြောင်း၊ အဆင့်ခွဲထားပြီး ပြုပြင်ပေးမှု၊ သံရည်ကျိုစက်ပို့ဆောင်မှုများ ဆောင်ရွက်ပေးကြောင်း၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမှုနှင့် ပတ်သက်ပြီး သိမ်းဆည်းထားသည်များ ပျက်စီးမှု ရှိ/မရှိ အမြန်ဆုံးစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆင့်ခွဲခြားပြီး လုပ်ထုံးလုပ်နည်းအရ လေလံတင်ခြင်း၊ ထိန်းသိမ်းခြင်းများ အကြံပြုချက်များကို ထိုအဖွဲ့များဆီရောက်အောင် ပေးပို့သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၅၃,၁၆၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၄၀၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၃၈၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇–၆–၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၃,၀၀၄,၇၄၂) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၉၇၇,၂၇၅) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးသူ (၂၇,၀၂၇,၄၆၇) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၂,၂၂၇,၃၅၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၇–၆–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း (၆၂,၂၅၉,၅၆၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူ များအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ **www. moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၁၃) ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၁၃) ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၃၅) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၂၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၉၈) ခု | - |
| စုစုပေါင်း | (၅,၄၈၉) ခု | (၈)ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၇-၆-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၉၇၇,၂၇၅) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၇,၀၂၇,၄၆၇) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၂,၂၂၇,၃၅၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၃,၀၀၄,၇၄၂) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၆၂,၂၅၉,၅၆၀) ကြိမ် |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၆၇၈၂၄၀၄ | ၈၂၇၅၄၄၀၈ | ၁၀၃၄၂၈၄ |
| ၂။ | အိန္ဒိယ | ၄၃၁၉၀၂၈၂ | ၄၂၆၃၆၇၁၀ | ၅၂၄၇၁၅ |
| ၃။ | ဘရာဇီး | ၃၁၂၆၆၁၆၃ | ၃၀၁၄၅၈၁၀ | ၆၆၇၄၀၀ |
| ၄။ | ပြင်သစ် | ၂၉၆၅၉၄၁၇ | ၂၉၁၁၄၇၁၃ | ၁၄၈၅၉၁ |
| ၅။ | ဂျာမနီ | ၂၆၆၁၀၃၃၃ | ၂၅၇၅၉၀၀၀ | ၁၃၉၇၉၃ |
| ၆။ | ဗြိတိန် | ၂၂၃၄၉၁၈၃ | ၂၁၉၉၉၅၂၁ | ၁၇၈၉၉၈ |
| ၇။ | ရုရှား | ၁၈၃၆၂၁၀၅ | ၁၇၇၇၇၆၂၅ | ၃၇၉၇၃၆ |
| ၈။ | တောင်ကိုရီးယား | ၁၈၁၈၈၂၀၀ | ၁၇၉၁၄၁၀၀ | ၂၄၃၀၅ |
| ၉။ | အီတလီ | ၁၇၅၄၃၁၃၆ | ၁၆၇၄၇၀၇၀ | ၁၆၇၀၈၉ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၂၇၉၁၈ | ၉၅၃၁၆၅၃ | ၄၃၀၈၁ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၈၁၈၀ | ၅၈၉၇၆၃၀ | ၁၅၆၆၂၈ |
| ၃။ | မလေးရှား | ၄၅၁၇၄၄၇ | ၄၄၆၀၅၄၆ | ၃၅၆၉၉ |
| ၄။ | ထိုင်း | ၄၄၇၃၈၆၇ | ၄၄၁၈၂၀၂ | ၃၀၂၄၂ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၂၀၈၄ | ၃၆၂၉၁၈၈ | ၆၀၄၅၆ |
| ၆။ | စင်ကာပူ | ၁၃၂၅၆၂၃ | ၁၂၄၄၈၄၂ | ၁၃၉၄ |
| ၇။ | မြန်မာ | ၆၁၃၄၀၅ | ၅၉၂၃၈၇ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၀၈ | ၂၀၈၃၄၄ | ၇၅၆ |
| ၉။ | ဘရူနိုင်း | ၁၅၁၅၆၀ | ၁၄၈၆၁၀ | ၂၂၄ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

# အမေရိကန်နိုင်ငံ၌ လွန်ခဲ့သည့်သီတင်းလေးပတ်အတွင်း ကလေးငယ် လေးသိန်းကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

**လော့အိန်ဂျလိစ် ဇွန် ၈**

အမေရိကန်နိုင်ငံ၌ လွန်ခဲ့သည့်သီတင်းလေးပတ်အတွင်း ကလေးငယ်လေးသိန်းကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အမေရိကန်ကလေးအထူးကုနှင့် ကလေးဆေးရုံများအသင်းက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိပြီးနောက်ပိုင်း ကလေးငယ်စုစုပေါင်း ၁၃ ဒသမ ၅ သန်းနီးပါး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်းနှင့် ကလေးငယ် ၅ ဒသမ ၆ သန်းခန့်သည် ၂၀၂၂ ခုနှစ်အတွင်း ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဇွန် ၂ ရက်တွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကလေးငယ်စုစုပေါင်း ၈၇၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။ အမေရိကန်နိုင်ငံ၌ ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုသည် နိုင်ငံတစ်ဝန်း ရောဂါကူးစက်ခံရသူစုစုပေါင်း၏ ၁၈ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၈၆ သန်းကျော်ရှိကြောင်း၊ အဆိုပါရောဂါဖြင့် သေဆုံးသူစုစုပေါင်း တစ်သန်းကျော်ရှိကြောင်းနှင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၈၂ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





## အီရန်နိုင်ငံ တာဘားစ်မြို့အနီး၌ ခရီးသည်တင်ရထားတစ်စင်း ပြေးလမ်းချော်တိမ်းမှောက်၊ အနည်းဆုံး ၁၇ ဦးသေဆုံး

**တီဟီရန် ဇွန် ၈**

အီရန်နိုင်ငံအလယ်ပိုင်း တာဘားစ်မြို့အနီးတွင် ခရီးသည်တင်ရထားတစ်စင်းသည် မြေတူးစက်နှင့် တိုက်မိပြီး ပြေးလမ်းချော်ကာ တွဲဆိုင်းအချို့ တိမ်းမှောက်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

**၁၇ ဦး သေဆုံး**

အဆိုပါဖြစ်စဉ်ကြောင့် ရထားပေါ်တွင် လိုက်ပါလာသည့်ခရီးသည် အနည်းဆုံး ၁၇ ဦး သေဆုံးခဲ့ပြီး ၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းပြေးလမ်းချော်တိမ်းမှောက်မှုသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့ပြီး ရထားတွဲဆိုင်း ၁၁ တွဲအနက် ငါးတွဲ ပြေးလမ်းမှ ချော်ထွက်သွားခဲ့သည်။

အခင်းဖြစ်ပွားချိန်တွင် ရထားပေါ်တွင် ခရီးသည် ၃၄၈ ဦးလိုက်ပါ စီးနင်းလာကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တာဘားစ်မြို့သည် မြို့တော်တီဟီရန်မှ ကီလိုမီတာ ၉၀၀ (မိုင် ၅၆၀) ခန့်အကွာ တောင်ခိုရာဆန်ပြည်နယ်တွင် တည်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

## အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါ ကူးစက်မှုများ မြင့်တက်လာသဖြင့် သတိပြုနေထိုင်ကြရန် ကျန်းမာရေးဝန်ကြီးဌာန ပြောကြား

**ဂျေရုဆလင် ဇွန် ၈**

အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်မှုများ မြင့်တက်လာသဖြင့် နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ လိုက်နာဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် သတိပေးပြောကြားခဲ့သည်။

နိုင်ငံအတွင်း ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၃၂ ဦး ထပ်မံတွေ့ရှိရသည်။ နိုင်ငံသားများအား လူစည်ကားရာအဆောက်အအုံများအတွင်းရောက်ရှိနေချိန်နှင့် အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များ စီးနင်းချိန်တို့ အပါအဝင် ရောဂါပိုးတွေ့ရှိထားသူများ၏အနီးတွင် ရောက်ရှိနေပါက နှာခေါင်းစည်းဝတ်ဆင်ထားရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ ထို့ပြင်နိုင်ငံသားများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ရန် အခွင့်အလမ်းများပြားသူများကို ငါးကြိမ်မြောက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် ဆေးပညာရှင်များက ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြည်သူ့လုံခြုံရေးဝန်ကြီး အိုမာဘာလက်နှင့် ကျန်းမာရေးဝန်ကြီး နစ်ဇန်ဟိုရိုဝစ်တို့မှာ ရောဂါကူးစက်ခံရသော်လည်း ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး ၎င်းတို့၏ နေအိမ်များမှ တာဝန်များထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၃၅၈ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဇွန် ၈**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၃၃၅၈ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၁၈၂၀၀ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်းမတ်လလယ်က အိုမီခရွန် မျိုးကွဲ ဗီဇပြောင်း မိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာခဲ့ရာမှ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ စနစ်ကျစွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် နေ့စဉ် ကိုဗစ်-၁၉ရောဂါ ကူးစက်မှုများပြန်လည်ကျဆင်းခဲ့သည်။

လက်ရှိအချိန်၌ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၃၁၁၇ ဦး၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၃၀၅ ဦး ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၆၇ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဇွန် ၈**



အာဖရိကတိုက်၌ ယမန်နေ့ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၁၆၇၁၃၈၂ ဦး ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက် တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၃၄၆၉ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၀၃၆၉၆၂ ဦး ရှိလာကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၆၈၉၃၁ ဦး ရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၇၀၄၂၇ ဦး ရှိကြောင်းနှင့် တူနီးရှားနိုင်ငံ၌ ရောဂါ ကူးစက်ခံရသူပေါင်း၁၀၄၃၅၄၀ ရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံး ဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အနည်းဆုံး ဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၃၃ ဦးထပ်မံတွေ့ရှိ

**နယူးဒေလီ ဇွန် ၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၃၃ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၉၀၂၈၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

**ခုနစ်ဦးထပ်မံသေဆုံး**

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် ခုနစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၇၁၅ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၈၈၅၇ ဦး ရှိသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၄၅ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၆၃၆၇၁၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်ထပ်မံတိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာပါသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ ဆရာ ဆရာမ ၂၉၆၀ ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၁၄-၆-၂၀၂၂)ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

*** ရန်ကုန်တိုင်းဒေသကြီးမှ**

တရားခံ ကျော်မင်းယု(ခ) ဂျင်မီနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် AK-47 သေနတ် ခြောက်လက်၊ M-16 သေနတ် ရှစ်လက်၊ ၁၂-ဗို့ သေနတ် နှစ်လက်၊ ဒေသန္တရလုပ်သေနတ် တစ်လက်၊ ကျည်အိမ် ၁၈ ခုတို့အား အဆိုပါနေအိမ်မှ သိမ်းဆည်းရမိခဲ့သည်။

တရားခံ ကျော်မင်းယု(ခ)ဂျင်မီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ဆူပူဆန္ဒပြလှုပ်ရှားမှုများနှင့် အစိုးရဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေးအတွက် ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း Moon Light Operation အဖွဲ့အား စောသက်ထွန်း(ခ)နေခြူး(Sky Age Education)၊ ကိုကိုကြီး(စမ်းချောင်း)၊ သူရကျော်(ခ)နီကိုလပ်စ်၊ သန်းအောင်၊ ရဲဇာနည် (ခ) အူနို(နွေဦးကံ့ကော်အဖွဲ့)၊ ကျော်ကျော်မိုး(ခ)ဇော်ဝမ်းမောင် (ဖမ်းမိ) တို့နှင့်အတူ စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

### ကျော်မင်းယု(ခ)ဂျင်မီဦးဆောင်သော Moon Light Operation အကြမ်းဖက်အုပ်စု ဖွဲ့စည်းမှု အခြေပြဇယား




တရားခံ ကျော်မင်းယု(ခ)ဂျင်မီ စီမံညွှန်ကြားလျက်ရှိသည့် Moon Light Operation အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို ထိတ်လန့်တုန်လှုပ်အောင် ခြိမ်းခြောက်နိုင်ရေးအတွက် အုပ်ချုပ်ရေးမှူးများကို သတ်ဖြတ်ခြင်း၊ ၎င်းတို့ပါတီဝင်မဟုတ်သော အခြားပါတီဝင်များကို သတ်ဖြတ်ခြင်း၊ ၎င်းတို့ပါတီအား ထောက်ခံမှုမရှိသူများကို သတင်းပေး/ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အစိုးရအဆောက်အအုံများ၊ ပုဂ္ဂလိကဘဏ်များစသည့် အပြစ်မဲ့ပြည်သူများနှင့် အရပ်ဘက်ပစ်မှတ်များကို ဦးတည်တိုက်ခိုက်ခဲ့ကြကြောင်း၊ ထိုသို့ အကြမ်းဖက်တိုက်ခိုက်နိုင်ရေးအတွက် Moon Light Operation အဖွဲ့အား တရားခံပြေး လွင်ကိုလတ်က AK-47 နှင့် M-16 အလက် ၃၀၊ ကျည်တောင့် ၆၀၀၀၊ ကျည်ကတ် ၉၀ နှင့် ဗုံးဖောက်ခွဲရန် ကတ်သီး ၅၀၀ ကို တရားခံ ကျော်မင်းယု(ခ)ဂျင်မီထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် Moon Light Operation အဖွဲ့သည် မောင်ကျော်(ခ) ဖြိုးဇေယျာသော် ဦးဆောင်သည့် ရန်ကုန်မြို့ပြ ပြောက်ကျားအဖွဲ့ (Yangon Urban Guerrilla-YUG)နှင့် ပူးပေါင်း၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ကြီးမားသော အကြမ်းဖက်လုပ်ငန်း Mission ရှစ်ခုအား ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခဲ့ပြီး တရားခံ ကျော်မင်းယု(ခ)ဂျင်မီက အဆိုပါ အကြမ်းဖက်လုပ်ငန်း ရှစ်ခုကို ညွှန်ကြားစေခိုင်းခဲ့ကြောင်း၊ Mission-1 အဖြစ် ၂၀၂၁ ခုနှစ် မေ ၂၁ ရက်တွင် တွံတေးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (ရွှေဆံတော်)သို့ လက်လုပ်ဗုံး တစ်လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း၊ ၎င်းအပြင် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် Moon Light Operation မှ အကြမ်းဖက်အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် ဘိုဘိုနှင့် ရန်ပိုင်ဟိန်းတို့သည် တွံတေးရဲစခန်း၊ အမှတ်(၇၀) ခြေလျင်တပ်ရင်းနှင့် ဘုရားငုတ်တို စစ်ဆေးရေးဂိတ်တို့ကို ဖောက်ခွဲဖျက်ဆီးရန် လာရောက်စဉ် လုံခြုံရေးအဖွဲ့များက ဖောက်ခွဲဖျက်ဆီးမည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ Mission-2 အဖြစ် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သည့်အတွက် လုံခြုံရေးဆောင်ရွက်နေသော စစ်သည် နှစ်ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

Mission-3 အဖြစ် လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ၊ Mission-4 ၊ Mission-5 ၊ Mission-6 ၊ Mission-7 ၊ Mission-8 တို့အား ရန်ကင်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒလမြို့နယ်၊ သာကေတမြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)၊ လှိုင်သာယာမြို့နယ်တို့တွင် ဖောက်ခွဲဖျက်ဆီးမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်နေစဉ် ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

တရားခံ ကျော်မင်းယု(ခ)ဂျင်မီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် နွေဦးကံ့ကော်အဖွဲ့သို့ လက်နက်ခဲယမ်းများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ် ၅၅ သိန်း ထောက်ပံ့ပေးခဲ့ခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့အင်အားစု (Union Of Myanmar Civil Defence -UMCD)အဖွဲ့နှင့် ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ သိန်းတစ်ထောင်ခန့်တန်ဖိုးရှိ သေနတ်ထုတ်လုပ်နိုင်သည့် 3D Printer ဝယ်ယူရန်အတွက် NUG ထံသို့ ဆက်သွယ်တောင်းခံခဲ့ခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ ငွေကြေးထောက်ပံ့ရန် အမေရိကန်ဒေါ်လာများဝယ်ယူ၍ မြန်မာငွေဖြင့် လဲလှယ်ပေးခြင်းများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများ ဖော်ဆောင်နိုင်ရန်လိုအပ်သည့် လက်နက်၊ ခဲယမ်း၊ C-4 ယမ်းတောင့်၊ လက်ပစ်ဗုံး၊ ကတ်သီး၊ Dorne ၊ ဂြိုဟ်တုဖုန်း၊ ရေဒီယိုစကားပြောစက်၊ ငွေကြေးနှင့် နည်းပညာပံ့ပိုးနိုင်ရေးအတွက် အကြမ်းဖက် NUG/ CRPH/ NUCC အဖွဲ့ဝင်များဖြစ်ကြသည့် တရားခံပြေး ရည်မွန်၊ ဇော်ဝေစိုး၊ မန်းဝင်းခိုင်သန်း၊ အောင်ကြည်ညွန့်၊ လွင်ကိုလတ်၊ ဝင်းမြတ်အေး၊ ထင်လင်းအောင်၊ မိုးဇော်ဦး၊ ဖြူဖြူသင်း၊ မင်းကိုနိုင်၊ ဂျင်မီ တို့သည် အပတ်စဉ် Zoom Meeting ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း သိရသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက် NUG/ CRPH/ NUCC တို့နှင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ပူးပေါင်းကြံစည်ခဲ့ခြင်းတို့ကို ပြစ်မှုထင်ရှားကျူးလွန်ခဲ့သည့် တရားခံ ကျော်မင်းယု(ခ) ဂျင်မီအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည) တို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။



၇-၁၀-၂၀၂၁ ရက်တွင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသည့် စစ်သည်အား တွေ့ရစဉ်။

တရားခံ ကျော်မင်းယု(ခ)ဂျင်မီ (ဘ) ဦးတင်ယုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အမိန့်ကြေညာစာအမှတ် (၂/၂၀၂၁) ဖြင့် အကြမ်းဖက်အုပ်စုအဖြစ်သတ်မှတ်ထားသော CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အသုံးပြုရန်အတွက် လက်နက်ခဲယမ်းများ နေအိမ်တွင် သိုဝှက်သိမ်းဆည်းခြင်း၊ Moon Light Operation အဖွဲ့အား ဦးဆောင်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုပြုလုပ်ခြင်း၊ လုံခြုံရေးဂိတ်များ၊ ရဲစခန်းများ၊ ဌာနဆိုင်ရာရုံးများနှင့် နယ်မြေခံတပ်များအား တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးရန်အတွက် အကြံပေးအဖြစ်ပါဝင်မှုများဆောင်ရွက်ခြင်း၊ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH ၊ NUG၊ PDF အမည်ခံအဖွဲ့များနှင့် ၎င်းတို့၏လက်အောက်ခံဖြစ်သည့် "နွေဦးကံ့ကော်"အဖွဲ့သို့ လက်နက်ခဲယမ်းများ ဝယ်ယူနိုင်ရန်အတွက် ငွေကြေး လွှဲပြောင်းထောက်ပံ့ပေးခြင်း၊ UMCD အဖွဲ့နှင့်ပူးပေါင်း၍ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်တန်ဖိုးရှိ လက်နက်ထုတ်လုပ်နိုင်သည့် 3D Printer ဝယ်ယူရန် NUG အကြမ်းဖက်အဖွဲ့သို့ ဆက်သွယ်တောင်းခံခဲ့ခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ ငွေကြေးထောက်ပံ့ရန်အတွက် အမေရိကန်ဒေါ်လာများ ဝယ်ယူ၍ မြန်မာငွေဖြင့် လဲလှယ်ပေးမှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ခြင်းဖြင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးထောက်ပံ့မှုများဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ "သေဒဏ်" အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကျော်မင်းယု(ခ)ဂျင်မီဦးဆောင်သည့် Moon Light Operation အဖွဲ့မှ အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၁-၅-၂၀၂၁ ရက်တွင် တွံတေးမြို့ ရွှေဆံတော်ရပ်ကွက်ရှိ အမက(မူလွန်) ကျောင်းခြံစည်းရိုးတွင် ပေါက်ကွဲခဲ့သည့် လက်လုပ်ဗုံးတစ်လုံးကို တွေ့ရစဉ်။



၇-၁၀-၂၀၂၁ ရက်တွင် တွံတေးမြို့နယ် ဘုရားငုတ်တိုစစ်ဆေးရေးဂိတ်အား ဖောက်ခွဲဖျက်ဆီးရန် လာရောက်စဉ် ဖမ်းဆီးရမိသည့် တရားခံနှစ်ဦးကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ ကျော်မင်းယု(ခ)ဂျင်မီအား ဖမ်းဆီးရမိခဲ့သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံအိမ်ရာဝင်းအတွင်းရှိ အမှတ် (၁၀၉/ဘီ) နှစ်ထပ်တိုက်နေအိမ်ကို တွေ့ရစဉ်။



ကျော်မင်းယု(ခ)ဂျင်မီနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။



ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်း ရတနာနှင်းဆီအိမ်ရာ တိုက်အမှတ်(3/B)၊ အခန်းအမှတ်(B-0907)၌ မောင်ကျော်(ခ) ဖြိုးဇေယျာသော်နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



သဃ်ာန်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သုခိတာလမ်း မြေအမှတ်(၆၇)နှင့် သဃ်ာန်းကျွန်းမြို့နယ် (၈)မြောက်ရပ်ကွက် ပြည်သာယာလမ်းသွယ်(၂) အမှတ်(၁၄၂)ရှိ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ နေအိမ်များမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၂၂-၁၀-၂၀၂၁ ရက်တွင် ဗိုလ်တထောင်မြို့နယ် (၉)ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်ခံရမှု။



၂၉-၄-၂၀၂၂ ရက်တွင် လှိုင်သာယာမြို့နယ် (၁၆) ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား လက်လုပ်ဗုံးတစ်လုံး ပစ်ခတ်ခံရသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိမှု။



၁၈-၅-၂၀၂၂ ရက်တွင် လမ်းမတော်မြို့နယ် (၃)ရပ်ကွက်၌ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမျိုးလွင် လုပ်ကြံသတ်ဖြတ်ခံရမှု။



၂၁-၅-၂၀၂၂ ရက်တွင် စမ်းချောင်းမြို့နယ်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ပစ်ခတ်ခံရမှု။



၃၀-၅-၂၀၂၂ ရက်တွင် ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့တွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အပြစ်မဲ့ပြည်သူ နှစ်ဦး ဒဏ်ရာရရှိမှု။



၃၀-၄-၂၀၂၂ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မြို့မရဲစခန်းအတွင်းသို့ လက်လုပ်မိုင်း တစ်လုံး ပစ်ပေါက်ခံခဲ့ရသဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦး ဒဏ်ရာရရှိမှု။



၂၇-၅-၂၀၂၂ ရက်တွင် သာကေတမြို့နယ် မာန်ပြေ ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ တစ်ဦး သတ်ဖြတ်ခံရမှု။



၁-၆-၂၀၂၂ ရက်တွင် လှိုင်သာယာမြို့နယ် (၁၁)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု။

❍ ကျောဖုံးမှ

သဃ်ာန်းကျွန်းမြို့နယ် (၈)မြောက်ရပ်ကွက် ပြည်သာယာလမ်းသွယ်(၂) အမှတ်(၁၄၂)ရှိ ၎င်း၏ နေအိမ်များတွင် M-16 ခုနစ်လက်၊ AK-47 ရှစ်လက်၊ MK-12 ၁၅ လက်၊ M4 A1 ကာဘိုင် သုံးလက်၊ FCG-9 သုံးလက်၊ စနိုက်ပါ နှစ်လက်၊ ကာဘိုင် တစ်လက်၊ ပစ္စတို ၁၁ လက်၊ လက်လုပ်ပစ္စတို ၁၂၈ လက် စုစုပေါင်းသေနတ် ၁၇၈ လက်နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရားခံ ကျား ၂၄၇ ဦး၊ မ ၄၆ ဦး ပေါင်း ၂၉၃ ဦး တို့ကို လက်နက်မျိုးစုံ ၁၆၉ လက်၊ လက်လုပ်သေနတ်မျိုးစုံ ၂၃၁ လက်၊ လက်လုပ်စိန်ပြောင်း ခြောက်လက်၊ ကျည်အိမ်မျိုးစုံ ၃၁၂ ခု၊ ကျည်မျိုးစုံ ၁၈၈၁၀ တောင့်၊ ၄၀ မမဗုံးသီး ၄၃ လုံး၊ မိုင်းမျိုးစုံ ၁၆ လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၄၈ လုံး၊ လက်လုပ်မိုင်း မျိုးစုံ ၁၀၉၉ လုံး၊ လက်လုပ်စိန်ပြောင်းဗုံးသီး ၁၇၅ လုံး၊ မီးခိုးဗုံး ၆၁ လုံး၊ ယမ်းစိမ်း ငါးပိဿာ၊ ယမ်းပြင်း ၂၈ တောင့်၊ ယမ်းပျော့ ၁၁ တောင့်၊ လက်လုပ်ယမ်း ၄၃ ထုပ်၊ ယမ်းကြိုး(ပေ ၁၀၀) တစ်ခွေ၊ ဒီတိုနေတာ ၈၉၆ ချောင်း၊ ဒီတိုနေတာကြိုးခွေ လေးခွေ၊ TNT ယမ်းမျိုးစုံ ၁၆၃ တောင့်၊ C4 ယမ်း (၁.၂၅) ပေါင် ၉ တောင့်၊ Transistor ၁၄ ဘူး၊ ကီးပက်ဖုန်းအလုံး ၂၀၊ လမ်းလျှောက်စကားပြောစက် ၁၆ လုံး၊ ဆက်သွယ်ရေးအထိုင်စက် ငါးလုံး၊ မှန်ပြောင်း နှစ်ခု၊ ဂြိုဟ်တုဖုန်း ၁၆ လုံး၊ Laptop နှစ်လုံး၊ Hard Disk တစ်ခု၊ ATM ကတ်များ၊ နိုင်ငံကူးလက်မှတ်စာအုပ် တစ်အုပ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး ပြုလုပ်မည့်စာရင်းများနှင့် လုပ်ကြံသတ်ဖြတ်မည့် စာရင်းများပြုစုထားသည့် မှတ်တမ်းစာအုပ်များ၊ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များအား ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၈ ရက်၊ ၂၀ ရက်နှင့် ၂၅ ရက်တို့တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ အကြမ်းဖက် NUG အဖွဲ့ဝင် ရည်မွန်နှင့် လွင်ကိုလတ်မှ ရန်ကုန်တိုင်းဒေသကြီး အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်နက်ငယ်မျိုးစုံ ၃၅၃ လက်၊ ကျည်အိမ်မျိုးစုံ ၄၇၆ ခု၊ ခဲယမ်းမျိုးစုံနှင့် ဖောက်ခွဲရေးပစ္စည်းမျိုးစုံတို့ကို ပို့ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်သည် STF အမည်ခံအကြမ်းဖက်အဖွဲ့၊ SOF အမည်ခံအကြမ်းဖက်အဖွဲ့၊ HRD အမည်ခံအကြမ်းဖက်အဖွဲ့၊ YG Network အမည်ခံအကြမ်းဖက်အဖွဲ့၊ UMCD အမည်ခံအကြမ်းဖက်အဖွဲ့၊ RF အမည်ခံအကြမ်းဖက်အဖွဲ့၊ UG အမည်ခံအကြမ်းဖက်အဖွဲ့၊ 44-ST UG အမည်ခံအကြမ်းဖက်အဖွဲ့၊ YFA အမည်ခံအကြမ်းဖက်အဖွဲ့၊ တာမွေမြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့၊ သာကေတမြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့၊ တောင်ဥက္ကလာပမြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့၊ ဒဂုံ ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့၊ လှိုင်သာယာမြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့၊ လှိုင်မြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့၊ ကော့မှူးမြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့၊ ဒေါပုံမြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့၊ မင်္ဂလာဒုံမြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့ စသည့် အကြမ်းဖက်အဖွဲ့ ၂၀ ကို အကြမ်းဖက် NUG အဖွဲ့ထံမှ ရရှိခဲ့သော လက်နက်/ ခဲယမ်းများ ထုတ်ပေးကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် တာဝန်ထမ်းဆောင်နေသော မြို့နယ်/ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများကို သတ်ဖြတ်ခြင်း၊ ပြည်ခိုင်ဖြိုးပါတီဝင်များအပါအဝင် အခြားဆန့်ကျင်ဘက်ပါတီဝင်များနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် အစိုးရအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု အကြိမ် ၃၀၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးများအား ဖောက်ခွဲဖျက်ဆီးမှု ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနှင့်အနီးဝန်းကျင်ဖောက်ခွဲဖျက်ဆီးမှုကိုးကြိမ်၊ ကညနရုံးနှင့် အနီးဝန်းကျင်ဖောက်ခွဲဖျက်ဆီးမှု ကိုးကြိမ်၊ ယာဉ်ထိန်းရုံးများအား ဖောက်ခွဲဖျက်ဆီးမှု ၁၂ ကြိမ်၊ CCTV Control Box များအား ဖောက်ခွဲဖျက်ဆီးမှု ငါးကြိမ်၊ အပြစ်မဲ့ပြည်သူလူထု ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ ဖောက်ခွဲဖျက်ဆီးမှု အကြိမ် ၆၀၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံအနီး ဖောက်ခွဲဖျက်ဆီးမှု နှစ်ကြိမ်၊ စာသင်ကျောင်းများ ဖောက်ခွဲဖျက်ဆီးမှု သုံးကြိမ်တို့ကို ဆောင်ရွက်ခဲ့ပြီး ထိုသို့ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များကို Mission ဆောင်ရွက်မည့် တင်ပြချက်အပေါ်မူတည်၍ လက်နက်/ခဲယမ်းများ ထုတ်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်မှ လက်နက်/ခဲယမ်းများထုတ်ပေး၍ အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှု ၂၈ ကြိမ် ကျူးလွန်ခဲ့ကြောင်း သိရှိရသည်။

- ၂၀၂၂ ခုနှစ် ဧပြီ ၂၉ ရက်တွင် HRD အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုတစ်လက်၊ လက်လုပ်ဗုံး တစ်လုံး ထုတ်ပေးခဲ့ပြီး လှိုင်သာယာမြို့နယ် (၁၆)ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးအား ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။
- ဧပြီ ၃၀ ရက်တွင် STF အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက်နှင့် လက်လုပ်မိုင်း တစ်လုံး ထုတ်ပေးခဲ့ပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ မြို့မရဲစခန်းအတွင်းသို့ ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။
- မေ ၁၈ ရက်တွင် STF အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက်၊ လက်လုပ်ဗုံး နှစ်လုံး ထုတ်ပေးခဲ့ပြီး လမ်းမတော်မြို့နယ် (၃)ရပ်ကွက်၌ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမျိုးလွင်အား လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- မေ ၂၁ ရက်တွင် STF အမည်ခံအကြမ်းဖက်အဖွဲ့ ပစ္စတို နှစ်လက်ထုတ်ပေးခဲ့ပြီး စမ်းချောင်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား ဝင်ရောက်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးကျဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း။
- မေ ၂၇ ရက်တွင် သာကေတမြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက် ထုတ်ပေးခဲ့ပြီး သာကေတမြို့နယ် မာန်ပြေ ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ တစ်ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- မေ ၃၀ ရက်တွင် YG Network အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက်၊ လက်လုပ်ဗုံးတစ်လုံးကို ထုတ်ပေးခဲ့ပြီး ရွှေပြည်သာမြို့နယ် (၆)ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးသို့ ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။
- ဇွန် ၁ ရက်တွင် လှိုင်သာယာမြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက် ထုတ်ပေးခဲ့ပြီး လှိုင်သာယာမြို့နယ် (၁၁) ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ဇွန် ၁ ရက်တွင် STF အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက် ထုတ်ပေးခဲ့ပြီး မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူ တစ်ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ဇွန် ၃ ရက်တွင် ဒေါပုံမြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက် ထုတ်ပေးခဲ့ပြီး ဒေါပုံမြို့နယ်၊ ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံး၌ အပြစ်မဲ့ပြည်သူ တစ်ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

စာမျက်နှာ ၁၆ သို့ ■



၁-၆-၂၀၂၂ ရက်တွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး ပစ်ခတ်ခံရမှု။



၃-၆-၂၀၂၂ ရက်တွင် ဒေါပုံမြို့နယ် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ အပြစ်မဲ့ပြည်သူတစ်ဦး သတ်ဖြတ်ခံရမှု။



၇-၆-၂၀၂၂ ရက်တွင်သာကေတမြို့နယ် ၃ မာန်ပြေရပ်ကွက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု။



၈-၆-၂၀၂၂ ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး သတ်ဖြတ်ခံရမှု။



၁၀-၆-၂၀၂၂ ရက်တွင် ဗိုလ်တထောင်မြို့နယ် ရဲရိပ်သာရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု။



၁၆-၆-၂၀၂၂ ရက်တွင် လှိုင်သာယာမြို့နယ် (၁၃) ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု။



၂၉-၆-၂၀၂၂ ရက်နေ့တွင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သမာဓိလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရှေ့၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တစ်ဦး ပစ်ခတ်ခံရမှု။




၁၁-၇-၂၀၂၂ ရက်တွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(၂) ရပ်ကွက်ရှိ "လှသီတာ"ရွှေဆိုင်အား ဓားပြတိုက်ခံရမှု။



၅-၈-၂၀၂၂ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၅) ရပ်ကွက် မြိုင်မဟာလက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူတစ်ဦး ပစ်ခတ်ခံရမှု။



၁၄-၈-၂၀၂၂ ရက်တွင် ရန်ကုန်မြို့ပတ်ရထား၌ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရမှု။



၁၇-၈-၂၀၂၂ ရက်တွင် တောင်ဒဂုံမြို့နယ် (၅၇)ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု။



၂၆-၈-၂၀၂၂ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်တွင် အပြစ်မဲ့ပြည်သူတစ်ဦး သတ်ဖြတ်ခံရမှု။



၂၂-၈-၂၀၂၂ ရက်တွင် လှိုင်သာယာမြို့နယ်၊ ဘုရင့်နောင်တံတားအဆင်းရှိ လုံခြုံရေးရဲကင်း ပစ်ခတ်ခံရမှု။



၂-၉-၂၀၂၂ ရက်တွင် လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး သတ်ဖြတ်ခံရမှု။



၉-၉-၂၀၂၂ ရက်တွင် စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ပစ်ခတ်ခံရမှု။



၁၁-၉-၂၀၂၂ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု။

■ စာမျက်နှာ ၁၅ မှ

- ဇွန် ၇ ရက်တွင် STF အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုတစ်လက်ထုတ်ပေးခဲ့ပြီး သာကေတမြို့နယ် ၃ မာန်ပြေရပ်ကွက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။
- ဇွန် ၈ ရက်တွင် တာမွေမြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက် ထုတ်ပေးခဲ့ပြီး တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ဇွန် ၁၀ ရက်တွင် STF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ပစ္စတိုနှစ်လက် ထုတ်ပေးခဲ့ပြီး ဗိုလ်တထောင်မြို့နယ် ရဲရိပ်သာရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ဇွန် ၁၆ ရက်တွင် လှိုင်သာယာမြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက် ထုတ်ပေးခဲ့ပြီး လှိုင်သာယာမြို့နယ်၊ (၁၃) ရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- ဇွန် ၂၉ ရက်တွင် UMCD အမည်ခံ အကြမ်းဖက်အဖွဲ့ကို ပစ္စတိုတစ်လက်၊ လက်လုပ်မိုင်း ၁၂ လုံး၊ ယမ်းပျော့ ၁၁ တောင့်၊ ယမ်းမှုန့် တစ်ထုပ်၊ စနက်တံ ၁၈ ချောင်းတို့အား ထုတ်ပေးခဲ့ပြီး တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ကြောင်း။
- ဇူလိုင် ၁၁ ရက်တွင် STF အမည်ခံ အကြမ်းဖက်အဖွဲ့ကို Glock အမျိုးအစား ပစ္စတို တစ်လက် ထုတ်ပေးခဲ့ပြီး မရမ်းကုန်းမြို့နယ်၊ဘုရင့်နောင်(၂) ရပ်ကွက်ရှိ "လှသီတာ" ရွှေဆိုင်အား ဓားပြတိုက်ခဲ့ကြောင်း။
- သြဂုတ် ၅ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုတစ်လက်ထုတ်ပေးခဲ့ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ မြိုင်မဟာလက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူတစ်ဦးအား ပစ်ခတ်ခဲ့ရာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။
- သြဂုတ် ၁၄ ရက်တွင် တာမွေမြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုခြောက်လက် ထုတ်ပေးခဲ့ပြီး ရန်ကုန်မြို့ပတ်ရထား လုံခြုံရေးအဖွဲ့များကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးရဲတပ်ဖွဲ့ဝင် ခြောက်ဦး ကျဆုံးခဲ့ကြောင်း။
- သြဂုတ် ၁၇ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ပကဖအမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုတစ်လက် ထုတ်ပေးခဲ့ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၅၇)ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးသို့ ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။
- သြဂုတ် ၂၂ ရက်တွင် STF အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုနှစ်လက် ထုတ်ပေးခဲ့ပြီး လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတားအဆင်းရှိ လုံခြုံရေးရဲကင်းအား ပစ်ခတ်ရန် စေခိုင်းခဲ့ကြောင်း။
- သြဂုတ် ၂၅ ရက်တွင် STF အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုတစ်လက် ထုတ်ပေးခဲ့ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၆)ရပ်ကွက်တွင် အပြစ်မဲ့ပြည်သူတစ်ဦးအား ပစ်ခတ်ခဲ့ရာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။
- သြဂုတ် ၂၆ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ပကဖအမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုတစ်လက် ထုတ်ပေးခဲ့ပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်တွင် အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- စက်တင်ဘာ ၂ ရက်တွင် လှိုင်မြို့နယ် ပကဖ အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတို နှစ်လက် ထုတ်ပေးခဲ့ပြီး လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက်၌ အပြစ်မဲ့ ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- စက်တင်ဘာ ၉ ရက်တွင် RF အမည်ခံအကြမ်းဖက်အဖွဲ့ကို လက်နက်ငယ်နှစ်လက် ထုတ်ပေးခဲ့ပြီး စမ်းချောင်းမြို့နယ် ဗဟိုလမ်း၌ လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ရန်စေခိုင်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ကြောင်း။
- စက်တင်ဘာ ၁၁ ရက်တွင် RF အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုတစ်လက် ထုတ်ပေးခဲ့ပြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- အောက်တိုဘာ ၂၂ ရက်တွင် STF အမည်ခံကြမ်းဖက်အဖွဲ့ကို ပစ္စတို တစ်လက်၊ လက်လုပ်မိုင်း သုံးလုံး၊ မော်တော်ယာဉ် နှစ်စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး ထုတ်ပေးခဲ့ပြီး ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်ရန် စေခိုင်းခဲ့ကြောင်း။
- အောက်တိုဘာ ၂၃ ရက်တွင် RF အမည်ခံအကြမ်းဖက်အဖွဲ့ကို လက်နက်ငယ် မျိုးစုံရှစ်လက်၊ ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ ၁၂၂၀ တောင့်၊ ၄၀ မမဖုံးသီး ၁၂ လုံး၊ ရှေ့ထွက်မိုင်းလေးလုံး၊ မီးခိုးဖုံးငါးလုံး၊ ရှို့ပစ် နှစ်လုံး၊ ယမ်းမှုန့်ခုနစ်ထုပ်၊မှန်ပြောင်းတစ်လက်တို့အား ထုတ်ပေးခဲ့ပြီး ကြည့်မြင်တိုင်မြို့နယ် ဗားကရာမီးပွိုင့်ရှိ ယာဉ်ထိန်းရဲကင်းရုံအား ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။
- အောက်တိုဘာ ၂၃ ရက်တွင် STF အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုလေး လက်ထုတ်ပေးခဲ့ပြီး ဗိုလ်တထောင်မြို့နယ်၊ ရပ်ကွက်(၃)ရှိ ယာဉ်ထိန်းရဲကင်းရုံအား ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။

စာမျက်နှာ ၁၇ သို့ ▼

▼ စာမျက်နှာ ၁၆ မှ

- နိုဝင်ဘာ ၄ ရက်တွင် YFA အမည်ခံအကြမ်းဖက်အဖွဲ့ကို ပစ္စတိုတစ်လက် ထုတ်ပေးခဲ့ပြီး မရမ်းကုန်းမြို့နယ်ရှိ Mytel GM ဦးသိန်းအောင်ကို လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ အကြမ်းဖက် CRPH နှင့် NUG အဖွဲ့ဝင် ဖြူဖြူသင်း၊ နိုင်ထူးအောင်၊ ဝင်းမြတ်အေးနှင့် လွင်ကိုလတ်တို့က နည်းလမ်းပေါင်းစုံဖြင့် ငွေကြေးများကောက်ခံ၍ အကြမ်းဖက်မှုများ ပြုလုပ်ရန်အတွက် ၎င်းထံသို့ တရားမဝင်နည်းလမ်းများဖြင့် ငွေကြေးပို့ဆောင်ပေးခဲ့ပြီး အဆိုပါ ရရှိငွေများကို လက်နက်/ခဲယမ်းများဝယ်ယူခြင်း၊ ဖောက်ခွဲရေးအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန်အတွက် လိုင်စင်မဲ့မော်တော်ယာဉ်များဝယ်ယူခြင်း၊ အကြမ်းဖက်အဖွဲ့များ ပုန်းခိုနေထိုင်နိုင်ရေးအတွက် နေရာ (Safe House)များ ငှားရမ်းခြင်း၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အပြစ်မဲ့ပြည်သူလူထုများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုအပေါ်မူတည်၍ အကြမ်းဖက်သမားများအား ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခြင်းနှင့် အချို့အား ကိုယ်ကျိုးအတွက် ရယူသုံးစွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ စေခိုင်းမှုဖြင့် အကြမ်းဖက်အဖွဲ့များမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်ကိုးဦး၊ အပြစ်မဲ့ပြည်သူ ၁၂ ဦး စုစုပေါင်း ၂၁ ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများကို ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အနီးကပ်စီစဉ်ညွှန်ကြားခဲ့ခြင်း၊ အကြမ်းဖက် NUG/CRPH/NUCC တို့နှင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ပူးပေါင်းကြံစည်ခဲ့ခြင်းတို့ကို ပြစ်မှုထင်ရှားကျူးလွန်ခဲ့သည့် တရားခံမောင်ကျော်(ခ)ဖြိုးဇေယျာသော်အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည)တို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သေဒဏ်အမိန့်ချမှတ်ခဲ့**

တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အမိန့်ကြေညာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုအဖြစ်သတ်မှတ်ထားသော CRPH ၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ အသုံးပြုရန်အတွက် လက်နက်ခဲယမ်းများအား နေအိမ်တွင် သိုဝှက်သိမ်းဆည်းခြင်း၊ ရန်ကုန်မြို့တွင်းရှိ အကြမ်းဖက်အဖွဲ့ ၂၀ ကို ဦးဆောင်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုပြုလုပ်ခြင်း၊ လုံခြုံရေးဂိတ်များ၊ ရဲစခန်းများ၊ဌာနဆိုင်ရာရုံးများနှင့် နယ်မြေခံတပ်များအား တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စီစဉ်ညွှန်ကြားခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် စစ်အုပ်ချုပ်ရေး (Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ “သေဒဏ်”အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





၂၃-၁၀-၂၀၂၁ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ဗားကရာမီးပွိုင့်ရှိ ယာဉ်ထိန်းရဲကင်းရုံ၌ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု။


၄-၁၁-၂၀၂၁ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိ Mytel GM ဦးသိန်းအောင် သတ်ဖြတ်ခံရမှု။


၂၃-၁၀-၂၀၂၁ ရက်တွင် ဗိုလ်တထောင်မြို့နယ် (၃)ရပ်ကွက်ရှိ ယာဉ်ထိန်းရဲကင်းရုံ၌ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု။


၂၅-၈-၂၀၂၁ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၆)ရပ်ကွက်တွင် အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု။

# ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၈**

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**အရေးယူထား**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၄ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပွဲကောက်ကျေးရွာအနီးတွင် မျိုးမင်းထိုက်(ခ)မျိုးထိုက် မောင်းနှင်လာသော ခြောက်ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလ တန်ဖိုး ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၂ ဒသမ ၂၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၃၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။


မျိုးမင်းထိုက်(ခ)မျိုးထိုက်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် နှိုးဆော်ချက်

**“ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း”**
**“ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား”**

- ❖ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင် အနံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။
- ❖ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ငါးများမိတ်လိုက်၊ ဥချ၊ သားပေါက်မှုများ မပြုလုပ်နိုင်ကြဘဲ ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်အရွယ်ငယ်(ငါးသန်)များကို ငယ်ရွယ်စဉ် ဖမ်းဆီးလိုက်ပါက သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂)ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေအရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- ❖ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၁၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၅ | ၂၆၆၀ |
| 95 Ron | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၃၅ | ၂၃၁၀ | ၂၄၀၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၅၈၅ | ၂၇၁၅ |
| HSD (500 ppm) | ၂၅၂၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၅၀ | ၂၆၆၅ | ၂၆၆၀ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၂၀ | ၂၈၂၅ |
| HSD (50 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၅ | ၂၆၉၀ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၂၈၅၅ |
| HSD (10 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၅ | ၂၆၉၀ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၂၈၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၆ | ၂၁၆၁ |
| 95 Ron | ၂၁၇၄ | ၂၂၅၁ |
| HSD (500 ppm) | ၂၄၀၅ | ၂၄၈၃ |
| HSD (50 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (10 ppm) | ၂၄၃၃ | ၂၅၁၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၂) ရပ်ကွက်နေ အေးမင်းသူသည် ၎င်းအသုံးပြုသည့် “Aye Min Thu” Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇွန် ၈**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၆၉)ကို ဇွန် ၁၀ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ယဉ်လတ်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန် ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “MUSIC GALLERY - 3” တေးဂီတ ဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇွန် ၈**

ပြည်သူများအပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show ဆန်းသစ်တင်ဆက်မှု “MUSIC GALLERY- 3” တေးဂီတဖျော်ဖြေပွဲကို ဇွန် ၁၀ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် တေးသံရှင်များဖြစ်ကြသည့် ရသ၊ ဝေလျှံ၊ ဆိုတေး၊ သာထူးဇော်၊ Sparrow၊ ဂျင်းနီ၊ သဥ္ဇာမြင့်မိုရ်၊ ငြိမ်းချမ်း၊ အုန်းသီးနှင့် ကျော်ထက်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇွန် ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအလှူရှင်စာရင်း**

| စဉ် | အမည် | မြို့ | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၂၄၉၁။ | (ဗိုလ်ချုပ်ကြီးမဟာသရေစည်သူ စိုးဝင်း) နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ သား၊ သမီး၊ မြေးများမိသားစု (ကျောက်စာရုံစေတီ-၁ ဆူ လှူဒါန်း) | ရန်ကုန်မြို့ | ၂၇၉၀၀၀၀၀ |
| ၂၄၉၂။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | နေပြည်တော် | ၁၁၁၃၁၀၀၀ |
| ၂၄၉၃။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးထွန်းအောင်ကြည်နှင့်ဇနီး ဒေါ်ခင်ဆွေဦး သား၊ သမီး၊ မြေးတစ်စု (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၂၂၉၀၀၀၀၀ |
| ၂၄၉၄။ | (ဖခင်) ဦးညွန့် (မိခင်)ဒေါ်ခင်ရွှေ (ဦးလေး)ဦးတုပ်တို့အားရည်စူးပြီး ဦးကျော်ဝင်း၊ ဦးမြဟန်၊ ဦးညီညီ၊ ဒေါ်ခင်မြဝင်း၊ ဒေါ်ခင်အေးကြူတို့အားအမှူးထား၍ ဒေါ်ခင်မြသင်းနှင့် တူ၊ တူမ၊ မြေးမိသားစုကောင်းမှု (ကျောက်စာရုံစေတီ-၁ ဆူ ဒုတိယအကြိမ်လှူဒါန်း) | စစ်ကိုင်းမြို့ | ၅၀၀၀၀၀၀ |
| ၂၄၉၅။ | ဦးချစ်တီးနှင့်ဇနီး ဒေါ်စိန်ယဉ် တို့အားရည်စူး၍ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်မမသိန်း (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | မကွေးမြို့ | ၅၀၀၀၀၀၀ |
| ၂၄၉၆။ | ဦးဇာနည်ရွှေလှိုင်နှင့်ဇနီး ဒေါ်နီနီဝင်းမိသားစု (ကျောက်စာရုံစေတီ-၁ ဆူ ပထမအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၂၄၉၇။ | ဦးမြတ်ကို+ဒေါ်လှသန်း (သား)ဦးအောင်သူထွန်း (သမီး)ဒေါ်မြတ်စန္ဒာကိုမိသားစု (မဟာရံတံတိုင်းစိန်တောင်-၁ ခုလှူဒါန်း) | နေပြည်တော် | ၇၀၀၀၀၀ |
| ၂၄၉၈။ | အရာခံဗိုလ်/စာရေး လွင်ကိုအောင် နှင့်ဇနီးဒေါ်နန်းမိသားစု၊ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ (၁၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၄၉၉။ | ကွယ်လွန်သူ ဦးညိုဝင်း (၃)နှစ်ပြည့်အားရည်စူး၍ ဒေါ်ကြည်ကြည်ဝင်း | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၅၀၀။ | ဦးလှဦး+ဒေါ်ခင်ညို (သား)ဗိုလ်ကြီးမင်းလွင် | မိတ္ထီလာမြို့ | ၁၅၀၀၀၀ |
| ၂၅၀၁။ | ဒေါ်ယဉ်ယဉ်ဟန် | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၅၀၂။ | ဒေါ်သော်တာဟန် | နေပြည်တော် | ၁၅၀၀၀၀ |
| ၂၅၀၃။ | နှစ်ဖက်မိဘဆွေမျိုးများနှင့် ဆရာသမားကျေးဇူးရှင်များကိုအမှူးထား၍ ဦးစိန်ဝင်း၊ ညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့်ဇနီး ဒေါ်ကြူကြူခိုင် (သား)မောင်ဇင်လင်းထွဋ် (သမီး)မအေးချမ်းပွင့်ဖြူမိသားစု | နေပြည်တော် | ၅၀၀၀၀၀ |
| ၂၅၀၄။ | နှစ်ဖက်မိဘများဖြစ်ကြသော ဦးရေအေး+ဒေါ်တင်ရွှေ၊ ဦးခင်မောင်+ဒေါ်ခင်ညိုသွေးတို့အား ရည်စူး၍ ဦးသိန်းထွန်း+ဒေါ်စောစောဝင်း (သား)ဗိုလ်ကြီးဟန်မင်းထွန်းမိသားစုကောင်းမှု | နေပြည်တော် | ၅၀၀၀၀ |
| ၂၅၀၅။ | ဒေါ်ခင်စန်းရီနှင့် သား၊ သမီးတစ်စုကောင်းမှု | ပြင်ဦးလွင်မြို့ | ၅၀၀၀၀ |
| ၂၅၀၆။ | ဦးစိန်ဝင်း+ဒေါ်လှသိန်းမိသားစုကောင်းမှု | နမ့်စမ်မြို့ | ၅၀၀၀၀ |
| ၂၅၀၇။ | ဦးမျိုးတင့်+ဒေါ်ညွန့်ညွန့်သန်း (Garden Light-၁ တိုင်လှူဒါန်း) | နေပြည်တော် | ၁၂၀၀၀၀ |
| ၂၅၀၈။ | ဦးကျော်ကျော်ဦး+ဒေါ်အိအိစံ (သား)မောင်ဇွဲသီဟကျော်၊ မောင်ဇွဲဇာနည်ကျော်၊ (သမီး)မအိမ့်ကြယ်စင်လင်းလက်နှင့် "ကျော်စံ"ကုမ္ပဏီလီမိတက်ဝန်ထမ်းများကောင်းမှု (မြန်မာမှုတစ်ဖက်လှခြံစည်းရိုး-၁ ခန်းလှူဒါန်း) | ရန်ကုန်မြို့ | ၃၁၀၀၀၀၀ |
| ၂၅၀၉။ | ကွယ်လွန်သူ ဒုအရာခံဗိုလ်မိုးခိုင်+ဒေါ်စန်းရီ၊ ဒေါ်သွယ်သွယ်ခိုင်တို့အားရည်စူး၍ ဒေါ်စန်းစန်းခိုင် မိသားစုကောင်းမှု | ပြင်ဦးလွင်မြို့ | ၁၅၀၀၀၀ |
| ၂၅၁၀။ | ဦးမောင်အေး+ဒေါ်အေးစန်း မိသားစု | နေပြည်တော် | ၁၀၀၀၀ |
| ၂၅၁၁။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးအောင်မြင့်သန်း+ဒေါ်ခင်မာချိုမိသားစု | တောင်ကြီးမြို့ | ၅၀၀၀၀ |
| ၂၅၁၂။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဗိုလ်မှူးရန်နိုင်အောင်+ဒေါ်ညိမ့်ညိမ့်နွယ်မိသားစု | နေပြည်တော် | ၁၁၀၀၀၀ |
| ၂၅၁၃။ | ဦးခင်မောင်မြင့်+ဒေါ်နန်းသန်းညွန့် မိသားစုကောင်းမှု | နမ့်ခမ်းမြို့ | ၁၀၀၀၀၀ |
| ၂၅၁၄။ | ဗိုလ်ကြီးလှမြင့်(လေ-ငြိမ်း)+ဒေါ်ကြင် မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၂၅၁၅။ | နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးစန်းမောင်၊ အစ်ကို ကိုကျော်ကျော်လွင်တို့အား အထူးရည်စူး၍ ဒေါ်သီတာ(သား)ဗိုလ်မှူးစိုးမြတ်သူ+ဒေါ်ထွေးအိလှိုင် (သမီး)ကိုကောင်းမွန်ဦး+မဟန်နီစန်းမောင် (မြေး)မောင်အောင်ဘုန်းမြတ်မိသားစု (ကြွေပြား-၁ ကျင်းလှူဒါန်း) | မုံရွာမြို့ | ၂၀၀၀၀၀ |

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာ (၃)နေရာအတွက် ဥပဒေဘွဲ့(LL.B)ရရှိသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) ၁၅-၇-၂၀၂၂ ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံအား www.constitutionaltribunal.gov.mm တွင် Download ရယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ခ) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ၊
(ဂ) ကွန်ပျူတာသင်တန်းဆင်းလက်မှတ်မိတ္တူ(ရှိလျှင်)၊
(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊ (မူရင်းအား လူတွေ့လာရောက် ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
(င) (၃)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ(ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်ရေးသားရန်)၊
(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ထောက်ခံချက်မူရင်း၊
(ဈ) အလုပ်ခန့်ထားခြင်းခံရပါက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိဝန်ခံချက်။

၄။ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာကို အမြဲတမ်းအတွင်းဝန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ်(၅၄)၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှ တစ်ဆင့် (သို့မဟုတ်) tribunalpersonneldep@gmail.com သို့ ၁၅-၇-၂၀၂၂ ရက်(သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့်အထောက်အထားများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ၁၅-၇-၂၀၂၂ ရက် နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၆။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များပါဝင်သည့် ရေးဖြေစာမေးပွဲကို ၁၇-၇-၂၀၂၂ ရက်(တနင်္ဂနွေနေ့) ၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ယင်းနေ့ ၁၄:၀၀နာရီတွင်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၌ ဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၁၆-၇-၂၀၂၂ ရက်(စနေနေ့) ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၌ လာရောက်ထုတ်ယူရမည်။ စာမေးပွဲဖြေဆိုခွင့်ကတ်လာရောက်ထုတ်ယူချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်မူရင်းအပါအဝင် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြခဲ့သည့် စာရွက်စာတမ်းမိတ္တူများ၏မူရင်းများကို တစ်ပါတည်းယူဆောင်လာရမည်။

၇။ အသေးစိတ်သိရှိလိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဝန်ထမ်းရေးရာဌာနခွဲ(ဖုန်း-၀၆၇-၃၄၃၀၂၄၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ်(၃၀)၊ အခန်းအမှတ်(၄၂) အား အမည်ပေါက် ဒေါ်မို့မို့ကျော် (ခ) မိုးမိုးအေး [၁၂/ဥကမ(နိုင်)၁၇၁၁၉၀] ထံမှ ဦးကျော်ဝင်းမြင့် [၉/မမန(နိုင်)၀၇၅၀၅၃]က စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇန ဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ (A)ဘလောက်၊(၁)လမ်း၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၁၀၁)တိုက်ခန်းအရောင်း အဝယ်ပြုလုပ်သည့်ကိစ္စအတွက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ပါတိုက်ခန်းအား ဦးငွေးမြင့်(ယုဇနဆောက်လုပ်ရေးလုပ်ငန်း) ထံမှ ဝယ်ယူပိုင်ဆိုင်ထားခဲ့သူ ဒေါ်ခင်ခင်လေး ထံမှတဆင့် အဆင့်ဆင့်သော ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ၏ ရောင်းချပေးရန် အပ်နှံထားခြင်းခံရသူ ဒေါ်ရီရီချို ၅/စကန(နိုင်)၁၁၆၇၂၄ **"လှနန်းတော် အကျိုးဆောင်အိမ်ခြံမြေတိုက်ခန်းရောင်းဝယ်ဌာန"** ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိပြီး၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိုက်ရိုက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ကျန်ငွေများပေးချေ၍ အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်တာဝန်ပေးချက်အရ -
**ဒေါ်ချိုချိုမြင့် ( LL . B )**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၅)
အမှတ်(၄၀)၊ပတ္တမြားလမ်း၊(၁၉)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။
09-5074650

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အ.ထ.က (၆)၊ တတိယတန်းမှ မောင်ဇော်ရဲထက်အား မောင်ဈာန်ဝင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် မောင်ဈာန်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း [၁၃/ကလန(နိုင်)၀၀၂၁၄၄]ဖြစ်ပါကြောင်း။

**မောင်ဈာန်ဝင်းထွန်း**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၉-ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (သိမ်ဖြူဘဏ်ခွဲ) (၎င်းကိုယ်စား လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်သန်းသန်းရှိန်) နှင့် ၁။ ဦးသန်းဆွေ ၂။ ဒေါ်တင်တင်ခိုင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်- ၉၈/၂၀၁၇ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၂၂-ခုနှစ်၊ ဇူလိုင်လ (၁၅) ရက် နံနက် (၁၀) နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်များ၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

### လေလံရောင်းချမည့်စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရုံး၏ အကျိုးသက်ဆိုင်သမျှကို ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိရမည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့် နေ့ကို ပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက် မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များ၌ ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မို့မို့အောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**

**ပစ္စည်းစာရင်း**

(၁) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆)၊ မြေကွက်အမှတ် (၃၆/က-၂) မြေပိုင်မြေအမျိုးအစား၊ ဧရိယာ (၀.၄၅၈) ဧကမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအားလုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

[လေလံကြမ်းခင်းဈေး ကျပ်သိန်း (၉၃၀၀၀)]

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (စက်မှုဇုန်)၊ မြေကွက်အမှတ်-၁၅၆၊ ဧရိယာ (၁.၀၄၈) ဧက နှစ် (၆၀) စက်မှုမြေငှားဂရန်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး။

[လေလံကြမ်းခင်းဈေးကျပ်သိန်း(၉၀၀၀)]

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်)အနောက်ရပ်ကွက်၊ ဆရာစံလမ်းသွယ်(Grand Sayar San Condo)တိုက်အမှတ်(၈၄-အီး/ဂျီ)၊ ပထမထပ်၊ အခန်းအမှတ်(1F)၊အကျယ်အဝန်း(၁၆၈၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူ ဒေါ်လဲ့လဲ့ထား(၆/မအရ(နိုင်)၀၀၉၆၇၅) မှ မိမိကိုယ်တိုင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဖြစ်ကြောင်းဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ၊
**ဒေါ်ခင်မိမိစိုး**
အထက်တန်းရှေ့နေ
(LL.B, D.M.L)(စဉ်-၄၁၄၀၀)
Ph : 09-796766946, 09-43124898
Facebook Page: myanmarland realestate&lawfirm Co.Ltd

သင့် သွေးဖြင့် အသက် ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(၁၂၀၁)အား အမည်ပေါက် ဦးလှထွန်း [A/RGN-၀၁၅၂၅၄] [၁၂/ဥကမ(နိုင်)၀၃၆၉၄၈]သည် (၁၆-၁၁-၂၀၀၇) ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းငွေး [၁၂/ဥကမ(နိုင်)၀၃၃၇၂၅]အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-တောင်)၊ လူနေရပ်ကွက်အမှတ်(၂)၊ သုမနလမ်း၊ မြေကွက်အမှတ်(၁၁၄၃/က)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ဦးလှမင်း(၁၂/လသန(နိုင်)၀၀၆၁၆၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆိုပါဂရန်အမည်ပေါက်သူ ဦးလှမင်း(၁၂/လသန(နိုင်)၀၀၆၁၆၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဒေါ်ဝင်းဝင်းဖြိုး** | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L, D.I.L,U.F.L(Eng;) | LL.B,D.B.L |
| အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | ဖုန်း - ၀၉၂၅၀၂၉၀၇၈၁၊ ၀၉၄၂၁၁၂၀၃၄၇ |

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ စောရန်ပိုင်လမ်း၊ မြေကွက်အမှတ် (၇၃၀)၊ တည်ရှိမြေအကျယ် ပေ(၄၀x၆၀)ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ် ပေ(၂၀x၆၀) (ဘေးမြေကွက်-၇၂၉ နှင့် ကပ်လျက်အခြမ်း)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိပါက ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါမြေကွက်နှင့် အိမ်၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ပါကြောင်း အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်းမရှိပါကြောင်း၊ ဂရန်မူရင်းစသည့် ပိုင်ဆိုင်မှုအထောက်အထားမူရင်းတို့ပြသ၍ ဝန်ခံကတိပြုရောင်းချသူ ဦးလှမျိုးဝင်း [၁၂/ကမတ(နိုင်)၀၁၇၇၉၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကျပ်ကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်အရ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်သော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ မူရင်းများပြသ၍ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**ဖုန်း-၀၉-၈၇၂၇၃၄၉၉၆၊ ၀၉-၇၉၁၄၅၄၅၃၁**

## ကန်ထရိုက်တာဦးကြည်ကင်း (၉/မရမ(နိုင်)၀၈၀၈၂၅) နှင့် အများသိစေရန်ကြေငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးတင်သောင်း(၁၂/မရက(နိုင်)၀၇၂၉၁၇)၊ ဒေါ်ဝိန်မြင့်(၁၂/မရက(နိုင်) ၀၅၆၂၆၈)၊ ဦးအောင်သိန်း(၁၂/မရက(နိုင်)၀၇၃၈၁၄)၊ ဒေါ်ထွေးရီ(၁၂/မရက(နိုင်)၀၆၄၅၂၉)၊ ဒေါ်တင်ရီ(၁၂/မရက(နိုင်)၁၀၉၀၆၆)၊ ဒေါ်တင်တင်စန်း(၁၂/မရက(နိုင်) ၀၇၃၇၆၉)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေငြာအပ်ပါသည် -

(၁၈-၈-၂၀၁၃)ရက်စွဲပါ မြေညီ(၁၄)ခန်းတွဲ၊ (၃)ထပ်ခွဲ + Basement သံကူကွန်ကရစ်တိုက်သစ်တစ်လုံးဆောက်လုပ်ရန် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ လုပ်ငန်းအပ်နှံခြင်း၊ လက်ခံခြင်းကတိစာချုပ်အား အမွေဆက်ခံသူမိသားစု(၁၀)ဦးနှင့် ကန်ထရိုက်တာဦးကြည်ကင်းတို့ ချုပ်ဆိုခဲ့ကြရာ (၃-၁-၂၀၁၄)ရက်စွဲပါ နောက်ဆက်တွဲ သဘောတူကတိစာချုပ်ဖြင့် အခန်းများကို မဲနှိုက်ခွဲဝေရန် ထပ်မံချုပ်ဆိုခဲ့ပြီးနောက် (၈)နှစ်ကျော် ကြာမြင့်သည့်အချိန်တိုင် အဆောက်အဦးဆောက်လုပ်မည့်နေရာကို ပိုင်ရိုက်စက်များဖြင့် ကန်ထရိုက်တာ၏ အလုပ်သမား တန်းလျားများသာ ထားရှိသဖြင့် ကျွန်ုပ်မိတ်ဆွေများမှ ကန်ထရိုက်တိုက်ဆောက်လုပ်မှုနှင့်ပတ်သက်၍ ကန်ထရိုက်တာဦးကြည်ကင်း၏ အကြံပေးပုဂ္ဂိုလ်ဟုဆိုသူ ဦးအောင်ဇော်မင်းအား မေးမြန်းခဲ့ရာ ၎င်းက ဆက်လက် ဆောက်လုပ်နိုင်ခြင်း မရှိကြောင်း ပြောဆိုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေများမှ ၎င်းတို့၏နစ်နာမှုများကို ဥပဒေနှင့်အညီ လွှဲအပ်လာပါသောကြောင့် ကျွန်ုပ်ထံသို့ လူကြီးမင်းကိုယ်တိုင် ဤကြေငြာစာပါသည့်နေ့မှ (၁၄)ရက် အတွင်း ကျွန်ုပ်ထံလာရောက်ဆက်သွယ်ပြီး နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးရန် ကြေငြာအပ်ပါသည်။ သတ်မှတ်ရက် အတွင်း လာရောက်ဖြေရှင်းခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေများနှင့် လူကြီးမင်းတို့ချုပ်ဆိုခဲ့သော စာချုပ်စာတမ်းများ လူကြီးမင်းကို လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ (GP) များကို တရားဝင်ပယ်ဖျက်ရုတ်သိမ်းပြီး လူကြီးမင်း၏ ပိုင်ရိုက် စက်များ၊ အလုပ်သမားတန်းလျားများကို ဖယ်ထုတ်ရန်နှင့် ကြားကာလနစ်နာမှုအဝဝကို တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန်ထရိုက်တာဦးကြည်ကင်းနှင့် အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်နေလင်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၄၆)
၉၉၊ အောင်သုခ(၁)လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉.၇၉၅၅၄၈၉၆၈

**ATOM**

**Advancing Telecommunications Of Myanmar**

telenor



# ပိုမိုကောင်းမွန်သောနေ့သစ်များဆီ
# အတူလျှောက်လှမ်းဖို့ အဆင်သင့်ဖြစ်နေပါပြီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၂

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အကြမ်းဖက် NUG အဖွဲ့ဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား ပြစ်ဒဏ်ချမှတ်ခဲ့



တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်၏ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လုပ်ကြံသတ်ဖြတ်မှုများကို လက်မခံသော တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အကြမ်းဖက် NUG အဖွဲ့ဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်း ရတနာနှင်းဆီအိမ်ရာ တိုက်အမှတ်(3/B) အခန်းအမှတ်(B-0907)၌ Sigsauer အမျိုးအစား ပစ္စတို နှစ်လက်၊ ၉ မမ ကျည် ၄၈ တောင့်၊ M-16 သေနတ်တစ်လက်၊ ၅.၅၆ ကျည် ၇၄ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်များအရ သဃ်န်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သုခိတာလမ်း အမှတ်(၆၇)နှင့်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ ကျော်မင်းယု(ခ)ဂျင်မီအား ပြစ်ဒဏ်ချမှတ်ခဲ့



သေဒဏ်ချမှတ်ခဲ့သည့် ကျော်မင်းယု(ခ)ဂျင်မီအား တွေ့ရစဉ်။

နေပြည်တော် ဇွန် ၈

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ မိုင်းခွဲတိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ယခင် ၈၈ မျိုးဆက်၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၏ လူထုဆက်ဆံရေးတာဝန်ခံ၊ ယခုအကြမ်းဖက် CRPH/NUG ၏ နိုင်ငံရေးနှင့် လုံခြုံရေးအကြံပေး ကျော်မင်းယု(ခ)ဂျင်မီအား ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၂၇)ရပ်ကွက် ပင်လုံအိမ်ရာဝင်းအတွင်းရှိ အမှတ်(၁၀၉/B) နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✳

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှ ခင်မာလာထွန်း ထိုင်းကလပ်တွင် သွားရောက်ကစားနေပြီး ပထမဆုံးပွဲမှာပင် နှစ်ဂိုးသွင်းယူ

ရန်ကုန် ဇွန် ၈

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ အသင်းခေါင်းဆောင် ခင်မာလာထွန်းသည် ထိုင်းအမျိုးသမီးကလပ်အသင်းတွင် သွားရောက်ကစားနေပြီး ပထမဆုံးပွဲမှာပင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ခင်မာလာထွန်းသည် ထိုင်းအမျိုးသမီးကလပ် College of Asian Scholar အသင်းတွင် ကစားရန် ဇွန် ၇ ရက် နံနက်ပိုင်းက ထွက်ခွာခဲ့ပြီး ယင်းနေ့ညနေပိုင်းမှာပင် အသင်းနှင့် စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ ခင်မာလာထွန်းသည် ဇွန် ၈ ရက်က ယှဉ်ပြိုင်ကစားသည့် MH Nakhonsi အသင်းနှင့်ပွဲတွင် College of Asian Scholar အသင်းအတွက် ပထမဆုံးပွဲထွက်ကစားခဲ့ကာ ခြေစွမ်းပြပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ခင်မာလာထွန်းသည် သုံးလစာချုပ်ဖြင့် သွားရောက်ကစားခြင်းဖြစ်ပြီး ထိုင်းလိဂ်တွင် ကစားခွင့်ရသည့် ပထမဆုံး မြန်မာအမျိုးသမီးဘောလုံးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ခင်မာလာထွန်းသည် မြန်မာအမျိုးသမီးဘောလုံးသမားများတွင် ဒုတိယမြောက် ပြည်ပထွက်ကစားသူဖြစ်လာပြီး တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလကတည်းက အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် သွားရောက်ကစားခဲ့ခြင်းဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-College of Asian Scholar




**ယနေ့ ဖတ်စရာ**

**တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နေသည့် ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းအပေါ် ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထားထုတ်ပြန်ချက်**

စာမျက်နှာ » ၉

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ**

စာမျက်နှာ » ၁၈